


# ဒီမြေပုံသာအပျောက်မခံနဲ့ နိဗ္ဗာန်ရောက်ပါတယ်

(၂၀၀)

ဟောကြားသည့်နေ့
(၈-၃-၆၀)

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၁) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# ဒီမြေပုံသာအပျောက်မခံနဲ့
# နိဗ္ဗာန်ရောက်ပါတယ်

ဟောကြားသည့်နေ့
(၈-၃-၁၉၆၀)

စာမူခွင့်ပြုချက် အမှတ် - ၄၇/၉၄ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၃/၉၄ (၆)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသောတရားတော်

# ဒီမြေပုံသာအပျောက်မခံနဲ့ နိဗ္ဗာန်ရောက်ပါတယ်

ဟောကြားသည့်နေ့ (၈-၃-၆၀)

အခုဒကာ ဒကာမတွေ တရားနာကြတယ်ဆိုတာ တရားအားထုတ်ဖို့ နည်းယူတာပဲ၊ ဘာဖြစ်လို့ တရားအားထုတ်ဖို့ နည်းယူကြသလဲလို့မေးတော့ ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ နိဗ္ဗာန် ရောက်ချင်လို့ အဖြေကဒါပဲထွက်တယ်. . . (မှန်ပါ့)။

## နိဗ္ဗာန်ဆိုတာဘာပါလိမ့်

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်ဆိုတာ ဒီဖက်က ချထားလိုက်တဲ့ ဥစ္စာကို

မှတ်ထား လိုက်တာပေါ့။ ဩော်. . ဒါက ဘာပါလိမ့်မလဲ မေးရင် ဒုက္ခ ခပ်သိမ်း ကင်းငြိမ်းတဲ့နိဗ္ဗာန်ပါကလား၊ အိုဘေး, နာဘေး, သေဘေးတွေလည်းငြိမ်း၊ ထောင့်ငါးရာကိလေသာ အပူမီးတွေ လည်းသိမ်း၊ ဘာမှဒုက္ခမရောယှက်တဲ့ ချမ်းသာသက်သက်ကို နိဗ္ဗာန်လို့ဆိုတာ မှတ်ထားလိုက်တာပေါ့ နော်. . . (မှန်ပါ့)။

အဲဒီတော့ ဒကာ ဒကာမတွေ နိဗ္ဗာန်တော့ဖြင့် ဘုရား၊ သဘောကျပါပြီ၊ ဒုက္ခခပ်သိမ်းငြိမ်းတယ်ဆိုတာနဲ့ပဲ ကျေနပ်ပါပြီ၊ ထောင့်ငါးရာ ကိလေသာ အပူမီးတွေ သိမ်းတယ်ဆိုတာလည်း ကျေနပ်ပါပြီ၊ အပူလည်းမရှိ၊ ဒုက္ခလည်းမရှိဘူး ငြိမ်းအေးမှု တစ်ခုပဲ နိဗ္ဗာန်ဆိုတာ ရှိတော့တယ်ဆိုတာဖြင့် ကျေကျေနပ်နပ် သဘောကျပါပြီလို့ ဆုံးဖြတ်ချက် ချထားလိုက်တာပေါ့. . . (မှန်ပါ့)။

## နိဗ္ဗာန်ရောက်ချင်ရင်ဘယ်ကစရမှာလဲ

အဲဒီနိဗ္ဗာန်ရောက်ချင်တဲ့ ဒကာ ဒကာမတွေဟာ နိဗ္ဗာန် အစဘယ်ဟာရမှာလဲဆိုတဲ့ မေးခွန်းဟာ ဦးခင်မောင်ထွက်လာ တယ်. . . (မှန်ပါ့)။ နိဗ္ဗာန်ရောက်ခြင်း၏အစဘယ်ဟာကို ရမှာလဲဆိုတဲ့ပုစ္ဆာထွက်လာတော့၊ ဘုရားက အဖြေပေးထားတဲ့ နည်းအတိုင်း ဘုန်းကြီးများက အဖြေပေးပါတယ်၊ **နိဗ္ဗာန်ရောက် ချင်တဲ့ပုဂ္ဂိုလ်၏အစဟာ သမ္မာဒိဋ္ဌိရမှာပေါ့** . . . (မှန်ပါ့ဘုရား)။

## သမ္မာဒိဋ္ဌိကစရမယ်

နိဗ္ဗာန်ရောက်ချင်တဲ့ပုဂ္ဂိုလ်အစဘာပါလိမ့် . . . (သမ္မာဒိဋ္ဌိရမှုပါဘုရား) သမ္မာဒိဋ္ဌိဆိုတာ သမ္မာက မှန်ကန်တာ၊ ဒိဋ္ဌိက မြင်တာ၊ အမှန်အကန်မြင်တာရဖို့ အရေးကြီးတယ်ဆိုတဲ့ ဥစ္စာ ဒကာ ဒကာမတွေ လေးစားစွာနဲ့ပဲ မှတ်ထားပါ. . . (မှန်ပါ့ဘုရား)။

ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့နိဗ္ဗာန်ကြီးရချင် ရောက်ချင်ကြတာကဖြင့်၊ ဗုဒ္ဓဘာသာဝင်မှန်ရင် လူတိုင်းလိုလိုပဲ ရချင်ကြတယ်၊ ရောက်ချင်ကြတယ်ဆိုတာတော့ မှန်ပါတယ်. . . (မှန်ပါ့) ဘယ်ကစရမယ်ဆိုတာ မသိတော့လည်း ရချင်တာပဲ ရှိမယ်တဲ့၊ အစအလုပ်ကို တွေ့မယ်မဟုတ်ဘူး . . . (မှန်ပါ့) ဒါ့ကြောင့် ဒကာ ဒကာမတွေ နိဗ္ဗာန်ရောက်ခြင်း၏ အစမှာ သမ္မာဒိဋ္ဌိရမှု . . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ဩော်. . . နိဗ္ဗာန်ရောက်ချင်လို့ရှိရင် အရေးအကြီးဆုံး ဘာပါလိမ့်မလဲလို့၊ ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်စဉ်းစားလိုက်တဲ့အခါကျတော့၊ သမ္မာဒိဋ္ဌိမရရင်ဖြစ်ကို မဖြစ်ဘူးဆိုတာ ယနေ့ဆုံးဖြတ်ချက်ချလိုက်. . . (မှန်ပါ့) သမ္မာဒိဋ္ဌိမရရင် . . . (ဖြစ်ကိုမဖြစ်ပါဘုရား) ဖြစ်ကို မဖြစ်ဘူးဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဆုံးဖြတ်ချက်ချလိုက်တာပေါ့ . . . (မှန်ပါ့)။

အခု ဒကာ ဒကာမတွေပဲ နိဗ္ဗာန်လိုချင်ကြတယ်၊ နိဗ္ဗာန်ရောက်ချင် ရချင်ကြတယ်၊ ဘယ်ကာစရမှန်းမသိဘူး၊ ဘယ်ကာစရလို့ ဘယ်ကိုရောက်မှန်းလည်း မသိဘူးဆိုတော့၊ ရချင်တာပဲ ဘာဖြစ်ဖြစ်လုပ်မှာပဲ နိဗ္ဗာန်ရောက်ကြောင်းချည့်ပဲလို့၊ ဒီလိုကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချပြီး ရမ်းပြီး လုပ်နေကြလို့ရှိရင်လည်း ဦးခင်မောင်တို့ ဦးဘတင်တို့ နေရာကျမယ် မဟုတ်ဘူးပေါ့ . . . (မကျပါဘုရား)။

## နိဗ္ဗာန်အစသမ္မာဒိဋ္ဌိရမှ

ဒါဖြင့် ယခုနိဗ္ဗာန်ရောက်ချင်တဲ့ ပုဂ္ဂိုလ်၏အစ ဘာရမှလဲ . . . (သမ္မာဒိဋ္ဌိရမှပါဘုရား) သမ္မာဒိဋ္ဌိမဂ္ဂင်ရမှတဲ့ ဒကာ ဒကာမတွေ ဒါမရရင် အလကားပဲ. . . (မှန်ပါ့) သမ္မာက မှန်ကန်တာ ဒိဋ္ဌိကမြင်တာ အမှန်အကန်မှ မမြင်တော့ မရဘူး. . . (မှန်ပါ့) အမှန်အကန်မြင်မှ ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ နိဗ္ဗာန်ရမယ်ဆိုတာ ပျော်ထားလိုက်တော့မှ သြော်. . . နိဗ္ဗာန်အစ၊ သမ္မာဒိဋ္ဌိရမှပါကလားဆိုတာ ဒီနေ့အကြောင်းပေါ်လာတယ်. . . (မှန်ပါ့)။

ကောင်းပြီ ဒါဖြင့်နိဗ္ဗာန်ရောက်ချင်ကြတဲ့ပုဂ္ဂိုလ်မှန်က၊ ဘာကိုအရေးတကြီး ရဖို့ရှာမှီးရမယ်ဆိုတာဖြင့် ပေါ်လာပါပြီ (မှန်ပါ့)။ ဘာအရေးကြီးရမှာတုံး. . . (သမ္မာဒိဋ္ဌိ အရေးကြီးရမှာပါဘုရား) သမ္မာဒိဋ္ဌိ တည်းဟူသော တရားကို အမှန်အကန်

ရမှ သမ္မာက မှန်ကန်တာ၊ ဒိဋ္ဌိကမြင်တာ၊ **အမှန်အကန်မြင်ရမယ်၊ အမှန်**အကန်မမြင်လို့ရှိရင် ဘယ်လိုဆုတောင်းပြီး ဘယ်လိုလုပ်နေနေ မရသေးဘူးလို့ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့) ပေါ်ကြပြီနော် . . . (ပေါ်ပါပြီဘုရား)။

သမ္မာဒိဋ္ဌိရမှ နိဗ္ဗာန်ရောက်ခြင်း၏ အစဖြစ်တယ်. . . (မှန်ပါ့) နိဗ္ဗာန်ရောက်ချင်တဲ့ ပုဂ္ဂိုလ်များမှာ သမ္မာဒိဋ္ဌိတွေ့ဖို့ အစတွေ့ဖို့ သိပ်အရေးကြီးပါကလားဆိုတာ မပေါ်လာကြသေးဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

ကြပ်ကြပ်စဉ်းစားကြပါ ဒကာ ဒကာမတို့ ကြပ်ကြပ်စဉ်းစားကြပါ၊ ဆရာသမားများနဲ့ တွေ့တုန်း အမှန်အကန်ပြောလို့ ခင်ဗျားတို့ သိကြရတာနော်. . . (မှန်ပါ့) နို့မဟုတ်လို့ရှိရင် ဘယ်သွားရတော့မလိုလို စသည်ဖြင့် ဦးခင်မောင် **အမျိုးမျိုး** ရှိနေမှာပေါ့. . . (မှန်ပါ့ဘုရား)။

## နိဗ္ဗာန်ရောက်ခြင်းအစသမ္မာဒိဋ္ဌိက

ဒါတွေအသာထားပြီးတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟောတာကို၊ ဘုန်းကြီးပါဠိတော်နဲ့တကွ ပြမှာဖြစ်နေသောကြောင့်၊ သြော်. . . နိဗ္ဗာန်ရောက်ခြင်းအစ သမ္မာဒိဋ္ဌိပါလားဆိုတာ ဘယ်အခါမဆို မှတ်ထားဖို့ပါပဲ. . . (မှန်ပါ)။

နိဗ္ဗာန်ရောက်ခြင်းအစ. . . (သမ္မာဒိဋ္ဌိကပါ) သမ္မာဒိဋ္ဌိရမှ၊ သမ္မာဒိဋ္ဌိရရင် သမ္မာဒိဋ္ဌိနဲ့ တွဲနေတဲ့ မဂ္ဂင်တွေ ဦးခင်မောင်အကုန်ပါတယ်. . . (ပါလာပါတယ်ဘုရား) မပါပါနဲ့ဆိုလို့ : . . (မရပါဘုရား) သူနဲ့ဖြစ်ဖော်ဖြစ်ဖက်တွေပဲ၊ သမ္မာ၇မဂ္ဂင်ဆိုကတည်းက သူနဲ့ဖြစ်ဖော် ဖြစ်ဖက်တွေ၊ သမ္မာဒိဋ္ဌိရရင် သမ္မာသင်္ကပ္ပဟာ ပါလာတယ်. ، . (မှန်ပါ)။

သမ္မာသင်္ကပ္ပပါလာရင် သတိ, ဝိရိယ, သမာဓိတွေလိုက်ပြီးသကာလလာတော့၊ ဒါတွေ ပြည့်စုံသွားပြန်တော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ မဂ္ဂင်ရှစ်ပါးဟာ၊ တစ်ခါတည်းအစုလိုက်အပြုံလိုက်ဆိုသလို သမ္မာဒိဋ္ဌိရရင်ပါလာတယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ဆိုတဲ့ တရားကြီးကိုရောက်ခြင်းအစ ဘယ်ဟာပြည့်စုံမှလဲ. . . (သမ္မာဒိဋ္ဌိ ပြည့်စုံမှပါဘုရား) မှတ်ကြစမ်းပါ၊ မှတ်ကြစမ်းပါ ဒကာ ဒကာမတို့ သမ္မာဒိဋ္ဌိမပြည့်စုံလို့ရှိရင်ဖြင့် ဦးခင်မောင် အာပေါက်အောင် အားထုတ်နေဗျ မရဘူး. . . (မှန်ပါ့ဘုရား)။

## သမထသက်သက်သမား

သမထ သက်သက်သမားတွေများ ဦးခင်မောင် ပင်ပန်းလိုက်တဲ့ဖြစ်ခြင်း၊ နိဗ္ဗာန်ရဲ့အခြေခံ ဝိပဿနာ ဒိဋ္ဌိတစ်လုံးမှ

မပါတော့ ရကိုမရဘူး. . . (မှန်ပါ့) နိဗ္ဗာန်ကိုမြင်လည်း မမြင်ဘူး၊ ရလည်းမရဘူး ဦးဘအုန်း. . . (မှန်ပါ့) ရနိုင်ရဲ့လား. . . (မရနိုင်ပါဘုရား) သမ္မာဒိဋ္ဌိမှမပါဘဲ. . . (မှန်ပါ့) အဲဒါကြောင့် နိဗ္ဗာန်ရောက်ခြင်း၏ အစ သမ္မာဒိဋ္ဌိပြည့်စုံမှုဆိုတာကိုဖြင့် ဒကာဒကာမတွေ လေးလေးစားစားမှတ်ရမယ်. . . (မှန်ပါ့ဘုရား)။

တစ်ခါသမ္မာဒိဋ္ဌိပြည့်စုံခြင်း၏အစ ဘယ်ကတုံးဆိုတာ ပြန်ပြီးလိုက်ရဦးမယ်. . . (မှန်ပါ့) ဒကာ ဒကာမတို့ သမ္မာဒိဋ္ဌိပြည့်စုံခြင်း၏အစ ဘယ်ကတုံးဆိုတာ ဒုတိယဆင့်ပြီး အမေးပေါ်လာတယ် . . . (မှန်ပါ့) ဦးခင်မောင် အကြောင်းအကျိုးဟာ ဆက်ရတယ်. . (မှန်ပါ့) အကြောင်းအကျိုးမရှိရင် ဦးဝ သူရူးစကားလိုဖြစ်နေမှာ ပေါ့. . . (မှန်ပါ့ဘုရား)။

## ထိုက်တန်တဲ့တရားနာမှု

သမ္မာဒိဋ္ဌိကအစဟာ ဒကာ ဒကာမတို့ ကိုယ်နဲ့ထိုက်တန်တဲ့ တရားကိုနာမှုပဲ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ) နှလုံးသွင်းမှန်တဲ့တရားကိုနာမှုပေါ့ဗျာ. . . (မှန်ပါ့ဘုရား)။

နှလုံးသွင်းမှန်တဲ့တရားကို . . . (နာမှုပါဘုရား) အဲဒါမှ သမ္မာဒိဋ္ဌိရမှာပဲ. . . (မှန်ပါ့) နှလုံးသွင်းမှန်တဲ့တရားကို နာမှုမရှိလို့ရှိရင် သမ္မာဒိဋ္ဌိမရနိုင်ဘူး. . . (မှန်ပါ့ဘုရား)။

ဒါသမ္မာဒိဋ္ဌိသုတ်မှာ ဒီအတိုင်းလာလို့ ဘုန်းကြီးက ချဲ့ထွင်ပြီး ပြောတယ်လို့မှတ်ပါ . . . (မှန်ပါ့) ပဏ္ဍာသ ပါဠိတော်ကြီးမှာ ဒီအတိုင်းလာနေလို့ ဒကာ ဒကာမတွေ ရမ်းပြီး အားထုတ်လို့ ရှိရင်၊ ခဲတောင်မှ ရမ်းပစ်လို့ရှိရင် မှန်ချင်တဲ့ဆီသွား မှန်နေတာပေါ့ ဦးခင်မောင်. . . (မှန်ပါ့) မှန်းခြေပေါက်ပစ်နိုင်မှ ကိုယ်အလိုရှိတဲ့ သစ်သီးမှန်နိုင်တော့မပေါ့. . . (မှန်ပါ့ဘုရား)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ သမ္မာဒိဋ္ဌိအစ တရားနာပြီး နှလုံးသွင်းမှန်မှုက. . . (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား) တရားနာပေမယ့်လည်း နှလုံးသွင်းမမှန်တဲ့တရားနာထားလို့ နတ်ပြည်ရောက်ရုံ ဗြဟ္မာပြည်ရောက်ရုံနဲ့တော့ မဖြစ်ဘူး. . . (မှန်ပါ့) ဒါကိုလည်း ခွဲရသေးတယ်. . . (မှန်ပါ့ဘုရား)။

## သမ္မာဒိဋ္ဌိဖြစ်ခြင်းအစ

ဒါဖြင့် သမ္မာဒိဋ္ဌိဖြစ်ခြင်းအစ တရားနာမှု နှလုံးသွင်းမှန်မှုက အစ သဘောကျပလား. . . (ကျပါပြီဘုရား) တရားလည်းနာရမယ်၊ နှလုံးသွင်းလည်းမှန်ရမယ်. . . ဒီဟာကစမှ သမ္မာဒိဋ္ဌိပေါ် မှာဗျ. . . (မှန်ပါ့) ဦးဘတင် နို့မဟုတ်ရင် ပေါ်ကိုမပေါ်ဘူး . . . (မှန်ပါ့ဘုရား)။

ဒါဟောလည်းမဟောဘူးသေးပါဘူး ဒကာဒကာမတွေ အကြောင်းအကျိုးဆက်တာလည်း သေချာလိုက်တာလဲလွန်လို့ . . . (မှန်ပါ့)

အကြောင်းအကျိုးဆက်တာလည်း အင်မတန်သေချာတယ်။ ဦးဘအုန်း နားကြီးကြီးနဲ့ ထောင်ကြည့်ပါတဲ့၊ နားကြီးကြီးနဲ့ ထောင်ကြည့်တော့မှ ဒကာသစ်တို့ ကိုမြရွှေတို့ ဩော်. . . ဒါဟာ ဟုတ်ပါကလားဆိုတာ ဆုံးဖြတ်ချက်ချနိုင်တယ်. . . (မှန်ပါ့ဘုရား)။

## နှလုံးသွင်းကလည်းမှန်ဦးမှ

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ သမ္မာဒိဋ္ဌိအစ တရားနာပြီး နှလုံးသွင်းမှန်မှုကအစ. . . (မှန်ပါ့) သမ္မာဒိဋ္ဌိ၏ အကြောင်းပေါ်လာပြီ. . . (မှန်ပါ့) တရားလည်းနာပြီး နှလုံးသွင်း ကလည်း မှန်ဦးမှ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်နှစ်ချက်ရှိသွားပလဲ. . . (သုံးချက်ရှိသွားပါပြီ) အပြသုံးချက်ပေါ့ဗျာ၊ အကြောင်းနှစ်ချက်ရှိသွားပြီ ဒကာ ဒကာမတို့ အကြောင်းကတော့ နှစ်ချက်ရှိသေးတယ်. . . (မှန်ပါ့) ဒကာ ဒကာမတို့၊ ဒီဟာများမေ့ပစ်ကြမယ်ဆိုရင် ခင်ဗျားတို့ နိဗ္ဗာန်ရောက်ဖို့မလွယ်ဘူးလို့ အောက်မေ့ကြ. . . (မှန်ပါ့) ဒါကိုသာ မေ့ပစ်လို့ရှိရင်ဖြင့် နားလည်မယ်တော့ မဟုတ်ပါဘူး၊ ခင်ဗျားတို့အတွက် ဘုန်းကြီးဆုံးဖြတ်ချက်ချပေးရရင် ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်အစကို သူတို့မတွေ့တော့ပါဘူး. . . (မှန်ပါ့ဘုရား)။

ဦးဘတင်ဆိုထိုက် မဆိုထိုက်. . . (ဆိုထိုက်ပါတယ် ဘုရား) သေသေချာချာ ဆိုထိုက်တယ်လို့ မှတ်လိုက်ပါ၊ ဝမ်းနည်းပြီး သကာလမနေပါနဲ့၊ နားလည်အောင်လည်း ထောင်ပါ၊ နားလည်အောင်ဆရာသမားတာဝန်ရှိပါတယ်. . . (မှန်ပါ့) ခင်ဗျားတို့ နားမလည်လည်အောင်တော့ဖြင့် သေသေချာချာ ဘုရားဟောတော်မူတာတွေကိုတော့ဖြင့်၊ ရှင်းသည်ထက် ရှင်းလင်းအောင် ပြောပြလိမ့်မယ်ဆိုတာတော့ဖြင့် သံသယမရှိပါနဲ့. . . (မှန်ပါ့ဘုရား)။

ကဲ. . . ဒါဖြင့် သမ္မာဒိဋ္ဌိအစ တရားနာပြီး နှလုံးသွင်းမှန်မှုက . . . (မှန်ပါ့) အဲ. . . တရားနာတယ်ဆိုပေမယ့် နှလုံးသွင်းမှန်တဲ့ တရားကိုနာရမှ. . . (မှန်ပါ့) နတ်ပြည်ရောက်ကြောင်း၊ ဗြဟ္မာပြည်ရောက်ကြောင်းကလေးကိုသာ နာရလို့ရှိရင်လည်း နိဗ္ဗာန်သွားမည့် ဝိပဿနာသမ္မာဒိဋ္ဌိက ဖြစ်မှာမဟုတ်ဘူး. . . (မှန်ပါ) သမ္မာဒိဋ္ဌိသည်သာ နိဗ္ဗာန်ရောက်ခြင်းဖြစ်နိုင်တော့မယ်ဆိုတာ သေသေချာချာမှတ်ပါ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘယ်နှစ်ချက်ရှိသွားပလဲ . . . (သုံးချက်ရှိသွားပြီ) သုံးချက် ရှိသွားပြီနော်. . . အပြသုံးချက် အကြောင်းနှစ်ချက်ရှိသွားပြီ. . . (မှန်ပါ့) နိဗ္ဗာန်ကတော့ မူတည်ထားတာကိုး . . . (မှန်ပါ့) နိဗ္ဗာန် ကတော့မူတည်ထားတယ် ဦးဘတင် တစ်သက်နှင့်တစ်ကိုယ် ကြားရခဲတယ်လို့မှတ်ပါ. . . (မှန်ပါ့ဘုရား)။

နိဗ္ဗာန်မဟုတ်လို့ရှိရင် ခင်ဗျားတို့ ဘယ်သွားသွား ရောက်တာ ပါ ပဲကွာလို့ ဦးဘတင်တို့လူစု၊ ဒီလိုရမ်းလို့တော့ မဖြစ်ဘူးနော် (မဖြစ်ပါဘုရား) မန္တလေးကို ဘယ်ကသွားသွားရောက်တယ်လို့ ယူလို့မတော်ဘူး. . . (မှန်ပါ့) သူ့လမ်းနဲ့သူ လမ်းစဉ်အတိုင်း သွားမှသာလျှင် သူ့မြို့ဆိုင်ရာ ရောက်နိုင်တယ်ဆိုတဲ့ ဥစ္စာကို လည်း၊ အကြောင်းအကျိုးဟာ ဒီလိုဆက်စပ်တဲ့ သဘောမှသာ လျှင် အမှန်အကန်ဆိုက်တယ်ဆိုတာ ဆုံးဖြတ်ချက်ချကြပါ. . . (မှန်ပါ့ဘုရား)။

## နှလုံးသွင်းမှန်တဲ့တရားနာပါ

ကိုင်း. . . ဒကာ ဒကာမတို့ ပြန်ပြောကြပါဦး နိဗ္ဗာန်မဂ်ဖိုလ် ကို ရောက်ချင်ရချင်လို့ရှိရင် ဘာအစတွေ့မှတဲ့တုံး. . . (သမ္မာ ဒိဋ္ဌိက စတွေ့မှပါ) သမ္မာဒိဋ္ဌိအစရမှတဲ့. . . (မှန်ပါ့ဘုရား)။

အဲဒီသမ္မာဒိဋ္ဌိကလည်း မှိုလိုပေါက်လာတာ မဟုတ်ဘူး၊ သမ္မာဒိဋ္ဌိက မှိုလိုပေါက်လာတယ်၊ ထီထိုးလို့ပေါက်လာသလို ဒီလိုမှတ်နေလို့လည်း မဖြစ်သေးဘူး. . . (မှန်ပါ့) ထီထိုးလို့ တိုးမိတိုးရာ တိုးလို့ဟု ဂေါ်လီကထွက်ချင်တာ ထွက်လာလို့ ဂဏန်းကပေါ်ချင်တာ ပေါ်လာတာမျိုး ဦးဘတင်တို့က လုပ်မနေ ကြနဲ့ဦး. . . (မှန်ပါ့) အဲဒီတော့ သမ္မာဒိဋ္ဌိကလည်း အကြောင်းနဲ့ပဲ သမ္မာဒိဋ္ဌိရဲ့အစကို ရမှသာလျှင်လည်း နိဗ္ဗာန်ရနိုင်တယ်. . .

(မှန်ပါ) ဘာရမှသာလျှင် သမ္မာဒိဋ္ဌိကလည်း ပေါ်နိုင်တယ်ဆို တာလည်း စဉ်းစားပါဦး. . . (နှလုံးသွင်းမှန်တဲ့တရားကို နာရမှ ပါဘုရား) အဲ. . . နှလုံးသွင်းမှန်တဲ့တရားကို နာရမှတဲ့. . . (မှန် ပါဘုရား)။

နှလုံးသွင်းမှန်တဲ့တရားကို နာရမှဆိုတော့ ဒကာ ဒကာမတို့ နှလုံးသွင်းမှန်တဲ့တရားကို နာရမယ်၊ သောတာပန် တည်ချင်လို့ ရှိရင် တရားမနာရင် မတည်နိုင်ဘူးဆိုတာလည်း ပါသွားတယ်. . (မှန်ပါ) နှလုံးသွင်းမှန်တဲ့ တရားနာရမှ သမ္မာ ဒိဋ္ဌိဖြစ်မယ်. . . (မှန်ပါ) သမ္မာဒိဋ္ဌိဖြစ်မှ နိဗ္ဗာန်ရမယ်. . . (မှန်ပါ) သဘောပါကြ ပလား. . . (ပါပါပြီဘုရား)။

ကောင်းပြီဒါဖြင့် ဒကာ ဒကာမတို့ ဆက်ပြီးတော့စဉ်း စား ပါဦးတဲ့. . . ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခင်ဗျားတို့ လမ်းမှားပြီးသကာလအမျိုးမျိုးအဖုံဖုံ တောင်ကသွားရတော့ မလို၊ မြောက်ကသွားရတော့မလိုလိုဆိုပြီး ဝိစိကိစ္ဆာကြီးနဲ့ နေရမှာသိပ်စိုးရိမ်တယ်. . . (မှန်ပါ) ဝိစိကိစ္ဆာရှိပြီဆိုမှဖြင့် ဒီလမ်းက သွားရတော်မလား. . . ဟိုလမ်းက သွားရတော် မလား ဆိုတဲ့ လူဟာရဲရဲတင်းတင်း ဘယ်တော့မှ လှမ်းလိမ့် မယ်မဟုတ်ပါဘူး. . . (မှန်ပါ) လှမ်းပါ့မလား . . . (မလှမ်းပါ ဘုရား) ဘာဖြစ်လို့တုံး သူ့အထဲမှာ ဝိစိကိစ္ဆာရှိနေတယ်၊ သံသယရှိနေတယ် . . . (မှန်ပါဘုရား)။

ကိုင်းဒါဖြင့် ဒကာ ဒကာမတို့ တရားနာပြီး နှလုံးသွင်း
နှမ်မှု၊ ဒီတရားကလည်း ဘယ်တရားကို နာမှလဲလို့မေးတော့
နိဿတ္တ နိဇ္ဇီဝတရားကို နာရမှ. . . (မှန်ပါ့) သတ္တဝါလည်း
မဟုတ်၊ အသက်လိပ်ပြာ ဝိညာဉ်ကောင်ဆိုတဲ့ အယူအစွဲမျိုး
မဟုတ်တဲ့ တရားမျိုးနာရမှပဲ. . . (မှန်ပါ့) ကိုင်း. . . ဒကာ
ဒကာမတို့ မပေါ်သေးဘူးလား. . . (ပေါ်ပါပြီဘုရား)။

## ဘယ်တရားမျိုးနာရမှာလဲ

ဘယ်တရားမျိုးနာရမှာတဲ့လဲ. . . (နိဿတ္တ နိဇ္ဇီဝတရား
မျိုးနာရမှာပါ) အဲ. . . သတ္တဝါမဟုတ် အသက် ဝိညာဉ်ကောင်
မဟုတ်တဲ့တရားမျိုးနာရမှတဲ့. . . (မှန်ပါ့) သုညတဖြစ်တဲ့
တရားမျိုးနာရမှ၊ သတ္တဝါမှ ဆိတ်သုဉ်းတဲ့ တရားမျိုး (မှန်ပါ့)
သဘောကျပလား. . . (ကျပါပြီဘုရား)။

## သုညတဆိုက်တဲ့တရားနာ

သုညတဆိုက်တဲ့တရားနာရမှ ဒကာ ဒကာမတို့ နှလုံး
သွင်းမှန်တယ်. . . (မှန်ပါ့) နှလုံးသွင်းမှန်မှ သမ္မာဒိဋ္ဌိဖြစ်မယ်၊
သမ္မာဒိဋ္ဌိဖြစ်မှ နိဗ္ဗာန်မဂ်ဖိုလ်ရောက်မယ်ဆိုတာတော့၊ အားလုံး
ဒကာ ဒကာမတွေ ယနေ့တရားကို မမေ့နဲ့ဆိုတဲ့ဥစ္စာ အတော်
အရေးကြီးလို့ပြောတာ. . . (မှန်ပါ့ဘုရား)။

ဦးဘတင် သာမညအရေးလား၊ ဒီဥစ္စာကို ကြည့်စမ်းပါ . . . (အလွန်အရေးကြီးပါတယ်) အင်မတန် အရေးကြီးတယ် . . . ဒကာ ဒကာမတွေ ဒီဥစ္စာသည် ပညာသည်ကပြောလို့ ရှိရင် ခင်ဗျားတို့သာမညနားနဲ့ထောင်ပြီး သကာလ မနေဘဲနဲ့ ဩော် ဒီအရေးဟာ နေ့တိုင်းထက်ပိုကြီးနေပြန်ပြီဆိုတာကိုပဲ ဆုံးဖြတ် ချက်ချပါ. . . (မှန်ပါ့ဘုရား)။

နေ့တိုင်းထက်ပိုပြီး ကြီးနေတယ်၊ လမ်းစဉ်ကို ဒီလမ်းက သွားမှဆိုတာ သေချာနေတော့၊ ဒီလမ်းကို မြေပုံဆွဲပြီး မှတ်မ ထားလို့ရှိရင်ဖြင့် ဦးခင်မောင် ဘယ်နည်းနဲ့မှ လိုရာခရီးကို (မရောက်နိုင်ပါဘုရား) မရောက်နိုင်တော့ ဟောဒီမြေပုံကို ခင်ဗျားတို့ ဖျောက်ပစ်လို့ရှိရင်တော့ဖြင့်၊ ကောင်းကင်သွားတဲ့ လေယာဉ်ပျံဟာ အမှားအယွင်းတွေကို ပြုသလိုဖြစ်နေတယ်. . ရေပြင်သွားလို့ရှိရင်လည်း ကျောက်ဆောင်ထဲရောက်လို့ သင်္ဘောပေါက်ရုံလောက်ပဲရှိမှာပဲ၊ ဒီမြေပုံဟာ ဒီလမ်းစဉ် ပျောက်သွားလို့ရှိရင် မရောက်တော့ဘူးလို့သာ ဆုံးဖြတ်ချက်ချ (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဘယ်တရားမျိုးနာရမှာလဲ

ကဲ. . . တရားနာမှုနှလုံးသွင်းမှန်မှုဆိုတာလည်း ဘယ်တရားမျိုးနာရမှာလဲလို့ဆိုတဲ့ အမေးကထွက်လာတော့

နိဿယတ္တနိဇ္ဇီဝတရားမျိုးနာရမှ. . . (မှန်ပါ့) သတ္တဝါမဟုတ် အသက်မဟုတ်ရုပ်နာမ်တို့ ဖြစ်ပျက်တို့ပေါ့ဗျာ. . . (မှန်ပါ့) ဒုက္ခသစ္စာဆိုတော့ သတ္တဝါတွေကော ဟုတ်ပါရဲ့လား. . . (မဟုတ်ပါဘုရား)။

ဒီတရားမျိုးနာရမှလည်း ဒကာ ဒကာမတွေ ခုနင်က တရားကြီးနာပြီး နှလုံးသွင်းမှန်သွားတော့တယ်. . . (မှန်ပါ့) အဲဒီတရားနာနှလုံးသွင်းမှန်သွားတော့မှ ဦးခင်မောင် သမ္မာဒိဋ္ဌိဖြစ်တယ်. . . (မှန်ပါ့) သမ္မာဒိဋ္ဌိဖြစ်လာတော့မှ “ဘာဝေတဗ္ဗ ကိစ္စနဲ့” ပွားလိုက်တော့မှ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## နိဗ္ဗာန်သွားခရီးစဉ်မြေပုံ

ဦးခင်မောင် တော်တော်အရေးကြီးပါတယ်၊ နိဗ္ဗာန်သွားပုံ၊ မြေပုံကြီးကို ဖျောက်ပစ်လို့တော်ပါ့မလား. (မတော်ပါဘုရား)။ နိဗ္ဗာန်သွားခရီးစဉ် မြေပုံကြီးမပါလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့ ရောက်ကြတော့မှာ မဟုတ်ပါဘူး. . . (မှန်ပါ့ဘုရား) ကဲ. . . နိဗ္ဗာန်သွားခရီးစဉ်မြေပုံတွေ့ပလား. . (တွေ့ပါပြီ) ဘယ်ကစရမှာတုံးဆိုတော့ ‘နိဿယတ္တနိဇ္ဇီဝ’ တရားဂုဏ်ကို သုညတရားလို့လည်း ခေါ်နိုင်တယ်လို့ မှတ်ကြပါဦး . . . (မှန်ပါ့ဘုရား)။

သုညတဆိုတာ ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းနေတာပါ၊ ပါသေးရဲ့လား ဒီမှာ ပုဂ္ဂိုလ်သတ္တဝါ. . . (မပါပါဘုရား) အဲ. . 'နိဿတ္တနိဇ္ဇီဝဖြစ်တဲ့တရား' သုညတဓမ္မဖြစ်တဲ့တရား၊ သမ္မာဒိဋ္ဌိ ဖြစ်လာမှ နိဗ္ဗာန်ကို ရောက်တော့မယ်ဆိုတာ လေးလေးစားစား မှတ်ထားတော့မှ၊ ဩော်-ဟုတ်ပြီ ဒီမြေပုံတော့ မပျောက်ရဘူး ကွဆိုပြီး လေးစားလာကြမယ်. . . (မှန်ပါ့ဘုရား)။

## နိဗ္ဗာန်သွားမြေပုံမရလို့

နိဗ္ဗာန်ရောက်ချင်တဲ့ပုဂ္ဂိုလ် ဒီမြေပုံကို. . . (မဖျောက်ရပါဘုရား) ဖျောက်ပစ်ရင်တော့ ဒီနေရာမှာ မျက်စိလည်ပြီသာ အောက်မေ့ပေတော့ (မှန်ပါ့) မျက်စိလည်ရင် မရောက်တော့ဘူး . . . (မှန်ပါ့) အခု ခင်ဗျားတို့တသံသရာလုံး "ဂင်္ဂါဝါဠုသဲစု မကဘုရားတွေ" ပွင့်ပြီးသကာလ သွားကြပါလျှက်နဲ့ ခင်ဗျားတို့ ပါမသွားတာဟာ နိဗ္ဗာန်သွားမြေပုံ မရလို့ . . . (မှန်ပါ့) နိဗ္ဗာန်သွားမြေပုံမရတဲ့အတွက် ဘုရားနဲ့လည်းမတွေ့၊ နိဗ္ဗာန်နဲ့ လည်းမတွေ့၊ အိုဘေး၊ သေဘေး၊ နာဘေးတွေနဲ့သာ မိတ်ဆွေ ဖြစ်၊ ငရဲတွေနဲ့ မိတ်ဆွေဖြစ်လိုက်၊ ဒုက္ခဒေါမနဿတွေနဲ့ နေလိုက်ရ၊ ဂျွမ်းထိုးမှောက်ခုံနဲ့ ပုဂ္ဂိုလ်သဏ္ဌာန် အမျိုးမျိုး ပြောင်းပြီး သကာလ သေပွဲဝင်လိုက်ရ၊ ဒါဟာ နိဗ္ဗာန်မြေပုံ

ပျောက်နေလို့. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ ဘုရား)။

အားလုံး ဒကာ ဒကာမတွေ ဒီနေ့ပြောတာ အရေးကြီး တယ်လို့ဆိုတာ သိပလား. . . (သိပါပြီဘုရား) ဒါဖြင့် ခင်ဗျားတို့ လက်ထဲမှာ ဒီဥစ္စာ အမြဲဆောင်ထားပါ. . . (မှန်ပါ့) ဒီလေးချက် အမြဲဆောင်ထားရမယ်၊ ဒီလေးချက်ပျောက်သွားလို့ ရှိရင်ဖြင့် ကိုယ်ကျိုးနည်းပေါ့ဟေ့. . . အိုလမ်း၊ နာလမ်း၊ သေလမ်းကိုသာ ငါသွားတတ်တော့တယ်၊ မအို, မသေ, အမြဲ နေတဲ့ နိဗ္ဗာန်လမ်းတော့ဖြင့် ငါမှာ မြေပုံပျောက်တဲ့အတွက် ကိုယ်ကျိုးနည်းပေါ့လို့ ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘုန်းကြီးကအရေးကြီးအောင် ပြောတတ်လို့ အရေးကြီး နေတာလား၊ လမ်းစဉ်အတိုင်း အရေးကြီးနေတာလားလည်း ဝေဖန်ပါဦး (လမ်းစဉ်အတိုင်း အရေးကြီးနေတာပါ ဘုရား) လမ်းစဉ်အတိုင်း အရေးကြီးနေတယ်လို့ ဝေဖန်ကြပါ . . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ဒီအရေးသည် ဒကာ ဒကာမတို့ အိမ်ကျရင်လည်း ဖျောက်မပစ်နဲ့. . . (မှန်ပါ့ဘုရား)။

တစ်ခေါက်ပြောပါဦးမယ် ခင်ဗျားတဲ့ မှတ်မိဖို့ စာမရေး တဲ့ ဒကာ ဒကာမတွေ၊ စာရေးတဲ့ ဒကာ ဒကာမတွေကတော့

အိမ်ပြန်ကြည့်သိတယ်၊ ရီကော်ဒါ recorder ဖမ်းတဲ့ ပုဂ္ဂိုလ်တွေကလည်း ဖွင့်ကြည့်ရင်သိတယ်၊ ရှေ့ကိုလည်းတရားက ဆက်ဟောမှာဖြစ်လို့ ရှေ့ကိုလည်း မှတ်စရာတွေနဲ့၊ ဒါကလေး မှုပျောက်သွားမှာဖြင့်လည်း ရှေ့မှတ်စရာက နိဗ္ဗာန်အလုပ်စခမ်း ပြောမှာတော့ သေချာပါရဲ့၊ သေချာပင်သေချာငြားသော်လည်း မှုပျောက်သွားမှာလည်း စိုးရသေးတယ်. . . (မှန်ပါ့ဘုရား)။

## ဘာအစကိုရှာရမှာလဲ

နိဗ္ဗာန်မဂ်ဖိုလ် ရောက်ချင်လို့ရှိရင်ဖြင့် ဘာအစကို ရှာရမလဲ. . . (သမ္မာဒိဋ္ဌိကိုရှာရပါ့မယ်) သမ္မာဒိဋ္ဌိတည်း ဟူသော တရားကိုရအောင်ရှာရမယ်. . . (မှန်ပါ့) သဘောကျ ပလား . . . (ကျပါပြီ) သမ္မာဒိဋ္ဌိတရားအစ တွေ့မှသာလျှင် ဒကာ ဒကာမတို့ နိဗ္ဗာန်ရောက်မယ်. . . (မှန်ပါ့) သမ္မာဒိဋ္ဌိ တွေ့ပြန်တော့လည်း သမ္မာဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်းအစ၊ ဒုတိယ အစကရှိတယ်. . . (မှန်ပါ့ဘုရား) ဒုတိယအစက ဘာတုံးဆိုတော့ တရားနာပြီး နှလုံးသွင်းမှန်မှုပဲ . . . (မှန်ပါ့ဘုရား)။

ဦးခင်မောင်ဘာတဲ့. . . (တရားနာပြီး နှလုံးသွင်း မှန်မှုပါဘုရား) တရားနာပြီး နှလုံးသွင်းမှုမရှိရင်လည်း သမ္မာဒိဋ္ဌိ အစကတွေ့ကို မတွေ့နိုင်ဘူး. . . (မှန်ပါ့) ဦးဘတင် တွေ့ပါ့ မလား . . . (မတွေ့ပါဘုရား)။

## ကိုယ်ကျိုးနည်းမှာစိုးလို့ထပ်ပြောနေတာ

ဒကာ ဒကာမတို့ သေသေချာချာ စဉ်းစားပါ၊ ဒီဥစ္စာ အတော်အရေးကြီးနေလို့ သေသေချာချာပြောနေတယ်လို့ မှတ်ပါ. . . (မှန်ပါ့) ချောက်လှန့်ဟောတဲ့ တရားမဟုတ်ဘူး၊ ခင်ဗျားတို့ ကိုယ်ကျိုးနည်းမှာစိုးလို့ ထပ်ပြောနေတဲ့ တရားလို့ မှတ်ပါ (မှန်ပါ့) ဟာ. . . ဘုန်းကြီးက ဒကာ ဒကာမတွေကို လိုချင်သည်ထက်လိုချင်အောင်လို့ ဒီလိုအောက်မေ့မနေနဲ့၊ ခင်ဗျားတို့ ငိုရမှာမြင်လို့၊ ဒီဟာ ပျောက်သွားရင် . . . (မှန်ပါ့) ဒီဟာ ပျောက်သွားရင် မျက်စိလည်တော့မယ်. . . (မှန်ပါ့) ဝက်ပါလှည့်သည်ထက်ဆိုးမယ်. . . (မှန်ပါ့) မဆိုးပေဘူးလား . . . (ဆိုးပါတယ်ဘုရား)၊

## နှလုံးသွင်းမှန်နိုင်တဲ့တရား

ဒါဖြင့် သမ္မာဒိဋ္ဌိရချင်လို့ရှိရင် တရားနာပြီး နှလုံးသွင်းမှန်ရမယ်. . . (မှန်ပါ့) နှလုံးသွင်းမှန်ချင်လို့ရှိရင်လည်း ဘယ်တရားကို ကျုပ်တို့နှလုံးသွင်းရမှ၊ ဘယ်တရားကို နာရမှ နှလုံးသွင်းမှန်မှာလဲ ခင်ဗျားတို့ ကျုပ်တို့သည် နှလုံးသွင်းမှန်မှု ဖြစ်နိုင်ပါ့မတုံးဆိုတော့ နိဿတ္တနိဇ္ဇီဝတရားနာရမှ . . . (မှန်ပါ့ ဘုရား)။

ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ အသက်လိပ်ပြာ ဝိညာဉ် ကောင်
မဟုတ်လို့ တရားကိုသိထားရမယ်. . . (မှန်ပါ့) ရုပ်နာမ်
ဓမ္မတွေဟာ ပုဂ္ဂိုလ်ကော ဟုတ်ပါရဲ့လား. . . (မဟုတ်ပါ ဘုရား
အဲ . . . နိဿတ္တနိဇ္ဇီဝတရားကို နာရမှသာလျှင်လည်း နှလုံ
သွင်းမှန်နိုင်မယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါ
ဘုရား)။

အဲ့ဒီနှလုံးသွင်းမှန်မှလည်း သမ္မာဒိဋ္ဌိဖြစ်မှလည်း မအို
မသေ အမြဲနေတဲ့ နိဗ္ဗာန်ကို ရောက်မယ်. . . (မှန်ပါ့) ဒီတော့
ဦးခင်မောင် အကြောင်းအကျိုးဘယ့်နှယ်တုံး . . . (ဆက်စ
နေပါတယ်ဘုရား) ဆက်မိနေတယ်နော်။

## နိဗ္ဗာန်ရောက်ချင်ပြီ

ဒါဖြင့် သွားပါ ဟိုကပြောင်းပြန်လှည့်လာတာ ဒကာ
ဒကာမတို့၊ ဒီဥစ္စာဖြင့် အသက်ကြီးပုဂ္ဂိုလ်များ နိဗ္ဗာန်အလိုရှိတဲ့
ပုဂ္ဂိုလ်များ၊ ဒီမြေပုံဖြင့် ဒကာ ဒကာမတို့နိဗ္ဗာန်သွား မြေပုံအဖြစ်
နဲ့ ဟောနေတော့ မပျောက်ကြပါစေနဲ့. . . (မှန်ပါ့ဘုရား)
ဒါကလေး ပျောက်သွားလို့ရှိရင်ဖြင့် မျက်စိလည်ပြီးသကာလ
ချောက်ကျမယ်သာ စိတ်ကူးပေတော့. . . (မှန်ပါ့) မျက်စိလည်
ချောက်ကျမယ်ဆိုတော့ နိဗ္ဗာန်ရောက်ချင်ပြီ ဘာလုပ်ရမှန်းကို
မသိဘူး. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့အမျိုးမျိုး ဥပမာ ကုသိုလ်တွေ ပြုကြတယ်၊ တရားဓမ္မတွေ ရှောက်ပြီးနာကြတယ်၊ ကုသိုလ် မဖြစ်ဘူး မဆိုပါဘူး၊ ကုသိုလ်တော့ သေသေချာချာ ဖြစ်ပါတယ်၊ တရားပဲ ကုသိုလ် တော့ဖြစ်ပါတယ်၊ သို့သော် သမ္မာဒိဋ္ဌိ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ဖြစ်နိုင်ပါရဲ့လား ဆိုတော့ တချို့ တရားတွေ သမ္မာဒိဋ္ဌိဖြစ် ဖို့တယ်မလွယ်လှဘူး၊ ဖြစ်တာက ကမ္မဿကတာ သမ္မာဒိဋ္ဌိ လောက် ဖြစ်နေပြန်တယ်. . . (မှန်ပါ့) သစ္စာအနုလောမိကဉာဏ် ခေါ်တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိ ဖြစ်ခဲ တယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ကံ ကံ၏အကျိုးကို ယုံကြည်တဲ့ သမ္မာဒိဋ္ဌိတော့ ဦးခင်မောင် ဖြစ်ပါတယ်. . . (မှန်ပါ့) သစ္စာလျော်တဲ့ သမ္မာဒိဋ္ဌိ တစ်မျိုးက မဖြစ်ဘူး. . . (မှန်ပါ့) အဲဒီလိုဆိုတော့ မခက်ဘူးလား . . . (ခက်ပါတယ်ဘုရား) ဒီလိုဖြစ်နေရင် နိဗ္ဗာန်နဲ့ဝေးနေတယ်လို့ မဆိုထိုက်ဘူးလားဗျာ. . . (ဆိုထိုက်ပါတယ်ဘုရား)။

## နိဗ္ဗာန်ကိုတကယ်လိုချင်ရင်

အဲဒါကြောင့် နိဗ္ဗာန်ကို တကယ်လိုချင်ကြလို့ ရှိရင်ဖြင့် သမ္မာဒိဋ္ဌိအစကို တွေ့အောင်ရှာပါ. . . (မှန်ပါ့) သမ္မာဒိဋ္ဌိအစ တွေ့လို့ရှိရင် တရားနာပြီး နှလုံးသွင်း မှန်ရပါလိမ့်မယ်. . . (မှန်ပါ့) နှလုံးသွင်းမှန်ချင်လို့ရှိရင်လည်း ဘယ်တရားကို နာမှ

သာလျှင် ဒို့သည် နှလုံးသွင်းမှန်တဲ့ အခြေအနေ ရောက်မှာလဲ ဆိုတော့ နိဿတ္တနိဇ္ဇီဝဓမ္မ သုညတ ဓမ္မနာရမှ ကိစ္စပြီးမယ်. . . (မှန်ပါ့) ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ဘယ်တရား နာရမှလဲ. . . (နိဿတ္တနိဇ္ဇီဝဓမ္မ သုညတ တရားနာရမှပါ) နိဿတ္တနိဇ္ဇီဝနဲ့ သုညတနဲ့ အတူတူပဲ ဒကာ ဒကာမတို့ မြသည်ထက်မြ ခိုင်သည်ထက်ခိုင်အောင်လို့သာ ထပ်ပြောနေတယ်လို့မှတ်ပါ။ **နိဿတ္တနိဇ္ဇီဝဆိုတာလည်း သတ္တဝါ မဟုတ် ပုဂ္ဂိုလ်မဟုတ် ဒါကိုသိထားရမယ်၊ သုညတ ဆိုတာလည်း ပုဂ္ဂိုလ် သတ္တဝါဟူသော အဖြစ်မှ ဆိတ်သုဉ်း တာကို သုညတ ခေါ်တာပဲ** . . . (မှန်ပါ့ဘုရား)။

## နိဿတ္တ၊ နိဇ္ဇီဝတရားကိုနာပါ

အဲဒီတော့ သုညတဖြစ်တဲ့ နိဿတ္တ နိဇ္ဇီဝတရားကို နာရမှသာလျှင် ဒကာ ဒကာမတို့ နှလုံးသွင်းမှန်မှာပဲ. . . (မှန်ပါ့) နှလုံး သွင်းမှန်မှဘာသွားဖြစ်လဲ. . . (သမ္မာဒိဋ္ဌိဖြစ် ပါမယ်) သမ္မာဒိဋ္ဌိ ဖြစ်မှလည်း. . (နိဗ္ဗာန်ရောက်ပါမယ်) နိဗ္ဗာန် ရောက်မယ်ဆိုတော့ ဦးခင်မောင် အနုလောမနဲ့လှည့်မေးမေး ပဋိလောမနဲ့ လှည့်ပြီးရှာရှာ ဒါဟာ အတည့်သွားတဲ့ အသွားပဲ ဆိုတာ သေချာပေါ့. . . (မှန်ပါ့) မသေချာသေးဘူးလား. . . (သေချာပါတယ်ဘုရား)။

## ဘုန်းကံရှိလို့ ဆရာနဲ့တွေ့ရတာ .

ဩော်. . ဒါဖြင့် ခင်ဗျားတို့ကို ခဏ ခဏပြောနေတယ်၊ ဘုန်းကံလည်းရှိကြပါပေတယ်၊ ဆရာသမားများနဲ့တွေ့ပြီး ဘုန်းကံ ရှိတဲ့ပုဂ္ဂိုလ်တွေမို့ နိဗ္ဗာန်သွားမြေပုံကြီးကို ကိုယ်ပိုင်ရပေတယ်ဆိုတဲ့ဥစ္စာ ဦးခင်မောင် သာမညကံလား. . . (သာမညကံ မဟုတ်ပါဘုရား) ဒကာ ဒကာမတွေ သဘောပါကြပလား. . . (ပါပါပြီဘုရား)။

သာမညလို့ အောက်မေ့မနေနဲ့၊ ဒီနေ့တရားနာတဲ့ ဒကာ ဒကာမတွေကနိဗ္ဗာန်သွားမြေပုံဆိုတာ ခင်ဗျားတို့ရန်ကုန်သွားရင် ရန်ကုန်မြေပုံဝယ်ရတယ်၊ ဒါမှ လမ်းမမှားမှာကိုး. . . (မှန်ပါ့) မန္တလေး သွားပြန်တော့. . . (မန္တလေးမြေပုံ ဝယ်ရပါတယ် ဘုရား)။

ဒီလိုဝယ်ပြီး သွားတဲ့အခါကျတော့ ကိုယ်လိုချင်တဲ့နေရာ ဌာနဟာ ဘယ်နှစ်လမ်းမှာ ဘယ်နေရာမှာ ဘယ်နေရာ ဘယ်လိုရှိတယ်၊ ဘယ်ကုန်ရောင်း အစရှိသည်မမှားဘဲနဲ့ ရက်မကုန်ဘဲနဲ့ ရောက်သွားကြတယ်၊ သူများလည်း မေးစရာ မလိုတော့ဘူး. . . (မှန်ပါ့) ဘာဖြစ်လို့တုံး သူနဲ့ဆိုင်ရာ မြေပုံကြီး ကိုယ်ပိုင်ရထားလို့ . . . (မှန်ပါ့ဘုရား) ဒီမှာလည်း နိဗ္ဗာန်မြေပုံ ဒကာ ဒကာမတွေရပလား. . . (ရပါပြီဘုရား) နိဗ္ဗာန်သွားမြေပုံ ဘယ်ကစရတယ်လို့ ဆိုတာလဲ ပေါ်ပါပြီ. . . (ပေါ်ပါပြီ) ဘယ်ကစကြရမှာလဲ . . . (သမ္မာဒိဋ္ဌိက စရပါ့မယ်ဘုရား)။

အဲဒီတော့ နိဗ္ဗာန်တည်းဟူသော မြို့ကြီး၊ နိဗ္ဗာန်တည်းဟူသောပြကြီး သဘောမျိုး ခင်ဗျားတို့ ရောက်ချင်ရချင်ကြလို့ရှိရင် ဖြင့် နိဿတ္တနိဇ္ဇီဝတရားကို ရှေးဦးစွာရှာ . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် နိဿတ္တနိဇ္ဇီဝတရားကို ရှာတော့မယ်ဆိုတော့ နိဿတ္တ နိဇ္ဇီဝကို ကိုယ်တိုင်မသိနိုင်တော့ သူတပါးဟောတဲ့ တရားကို နှလုံးသွင်းမှန်အောင်နာဦး. . . (မှန်ပါ့) ဒါ့ကြောင့် တရားနာပြီး နှလုံးသွင်းမှန်အောင် လုပ်ရဦးမယ်ဆိုတာ သဘောကျပလား . . . (ကျပါပြီဘုရား)။

တရားနာပြီး နှလုံးသွင်းမှန်မှသာလျှင် ဒကာ ဒကာမတို့ နိဿတ္တနိဇ္ဇီဝ ဖြစ်လာမယ်. . . (မှန်ပါ့) နိဿတ္တနိဇ္ဇီဝဖြစ်လာမှ သာလျှင် နှလုံးသွင်းအမှန်ရောက်တယ်၊ နှလုံးသွင်းအမှန်ရောက် မှလည်း သမ္မာဒိဋ္ဌိကဖြစ်တယ်. . . (မှန်ပါ့) သမ္မာဒိဋ္ဌိဖြစ်မှသာ လျှင်လည်း နိဗ္ဗာန်က . . . (ရောက်ပါတယ်ဘုရား) ဒီတော့ ဒါ ဟာနိဗ္ဗာန်မြေပုံပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## မြေပုံမပျောက်ဖို့အရေးကြီးတယ်

နိဗ္ဗာန်သွားမြေပုံဆိုတော့ ဒါကလေးကို ကိုယ်စီကိုယ်ငှ ထားကြပါ၊ အချင်းချင်းမေးမနေကြနဲ့၊ ငါအသက်ကြီးလှပြီ နိဗ္ဗာန်ရောက်ချင်ဘာလုပ်ရမှာတုံးလို့ မေးမနေနဲ့ ဒီမြေပုံကိုင်ထား ပါ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ) သူက စာပေကလေး

တော်တယ်၊ သူ့ကိုမေးမှပဲ တော်မယ်၊ မေးမနေနဲ့ မြေပုံ မပျောက်ရင် ကိစ္စမရှိဘူး၊ ရောက်နိုင်တယ်. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သူများမေးစရာလိုသေးသလား (မလိုပါဘုရား) ဘာ. . . မပျောက်ဖို့ အရေးကြီးသလဲ . . . (မြေပုံမပျောက်ဖို့ အရေးကြီးပါတယ်) နိဗ္ဗာန်သွား မြေပုံ မပျောက်ဖို့ အရေးကြီးတယ်. . . (မှန်ပါ့) ဦးဘအုန်း ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား) ဒါဖြင့် နိဗ္ဗာန်သွားမြေပုံကအစ နိဿတ္တ နိဇ္ဇီဝ တရားကို ရှာမှုကအစ. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

နိဗ္ဗာန်လမ်းမြေပုံအစကို ကိုင်ရမှာက ဦးဘအုန်းဘယ်က ကိုင်ရမှာတုံး. . . (နိဿတ္တ နိဇ္ဇီဝ တရားကစပြီး ကိုင်ရမှာပါဘုရား) နိဿတ္တနိဇ္ဇီဝတရားကို အရရှာမယ်. . . (မှန်ပါ့) နိဿတ္တ နိဇ္ဇီဝ တရားကလည်း ကိုယ်တိုင်ရှာလို့ မရဘူး တရားနာပြီး နှလုံးသွင်း မှန်မှရမှာပါ. . . (မှန်ပါ့)။

တရားနာ နှလုံးသွင်းမှန်လို့ရှိရင်လည်း နှလုံးသွင်းမှန်တဲ့အတွက် သမ္မာဒိဋ္ဌိဖြစ်လာတဲ့အခါ ကျုပ်တို့ နိဗ္ဗာန်ပို့ပေးပါလို့ မပြောရဘူး၊ သူတို့ကဒီသွားတဲ့ အဖြောင့်လမ်းကြီး နေတဲ့အတွက် ခင်ဗျားတို့ ဘယ်သူ့မှ အပို့မခိုင်းပါနဲ့ (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## ဒီနေ့ဘာတရားဟောသတုံး

ဒါဖြင့် ဒကာ ဒကာမတွေ ဒီနေ့ဘာတရား ဟောသတုံး ဆိုတာ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား) နိဗ္ဗာန်သွား မြေပုံတရားကို ဟောတယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် နိဗ္ဗာန်မြေပုံတရားကိုဖြင့် ဦးဘတင် ဖျောက်ပစ်တဲ့ ပုဂ္ဂိုလ်ကတော့ ဒီထက်ကိုယ်ကျိုးနည်းတာတော့ မရှိဘူး. . . (မှန်ပါ့) နိဗ္ဗာန်သွားမြေပုံပျောက်သည်နဲ့ တစ်ပြိုင်နက်တည်း သံသရာလည်တဲ့ဥစ္စာကတော့ ကိုယ်သွားနေကျဖြစ်တယ်. . . (မှန်ပါ့) ဒီလမ်းမှာဖုံပြီးသားဖြစ်မနေကြဘူးလား. . . (ဖြစ်နေပါတယ်) ဖုံပြီးသားဖြစ်တော့ ဒကာ ဒကာမတွေ ဖုံနေတာကလည်း တခြားမဟုတ်ဘူး မျက်စိလည်နေလို့ ဖုံနေတာ. . . (မှန်ပါ့)။

အဖြောင့်သွားလို့ဖုံတာလား၊ မျက်စိလည်လို့ ဖုံတာလား . . . (မျက်စိလည်လို့ ခြေရာထပ်တာပါဘုရား) အဲဒါကတော့ ဒကာ ဒကာမတို့ အရှုံးသွား အနှမ်းသွားဖြစ်နေတော့တယ်ဆိုတာ ဘာမှ သံသယရှိဖို့ မလိုဘူး. . . (မှန်ပါ့) လိုသေးရဲ့လား. . . (မလိုပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ သားနဲ့ခွဲရမှာ ဒါလောက်အစိုးရိမ်မကြီးနဲ့၊ သမီးနဲ့ခွဲရမှာ ဒါလောက် မစိုးရိမ်နဲ့၊ ပစ္စည်းနဲ့ခွဲရမှာ ဒါလောက်မစိုးရိမ်နဲ့၊ နိဗ္ဗာန်လမ်းမြေပုံကတော့ ပျောက်မှာစိုးရတယ်. . . (မှန်ပါ့) တကယ်လည်း ချမ်းသာတဲ့ဆီ သွားရမည့်

ခရီးစဉ် ပျောက်သွားတယ်ဆိုကတည်းကိုက ငါတော့ဖြင့် ကိုယ်ကျိုးနည်းပြီး ဆင်းရဲနဲ့ ပင်လယ်ဝေနေဖို့ပဲရှိတော့တယ်. . . (မှန်ပါ့) သဘောပါပလား. . . (ပါပါပြီဘုရား)။

## ဘာမပျောက်ဖို့အရေးကြီးသတုံး

ဒကာ ဒကာမတို့ ဘာမပျောက်ဖို့ အရေးကြီးသတုံး . . . (နိဗ္ဗာန်သွားလမ်းမြေပုံမပျောက်ဖို့ အရေးကြီးပါတယ်ဘုရား) မယုံရင် ဒကာ ဒကာမတို့ အခုခေတ်မှာ သွားလာနေတဲ့ လေယာဉ်ပျံကို မေးကြည့်ကြည်၊ ပင်လယ်ကူးသင်္ဘောကို မေးကြည့်ကြည်၊ ကမ္ဘာလှည့်တိုင်းပြည်လှည့်တဲ့ ပုဂ္ဂိုလ်တွေပဲ မေးကြည့်ကြည့်၊ မြေပုံလက်ကိုင်မရှိရင် ဦးဘတင် ဘယ်သူမှ မှန်ကန်အောင်သွားလို့မရဘူး. . . (မှန်ပါ့) ရကြရဲ့လား. . . (မရပါဘုရား)။

ဘာဖြစ်လို့တုံး သွားရာမြေပုံပျောက်နေတယ်၊ မြေပုံတွေ ပျောက်တော့ ခရီးကိုရောက်ပါဦးမလား. . . (မရောက်ပါဘုရား) မရောက်တဲ့အပြင် ငွေမကုန်သင့်တဲ့နေရာမှာကုန်၊ ဓာတ်ဆီ မကုန်သင့်တဲ့နေရာမှာကုန်၊ ကျောက်ဆောင်နဲ့ မတိုက်သင့်တဲ့ နေရာမှာတိုက်၊ တောင်နဲ့မတိုက်သင့်တဲ့နေရာမှာ တောင်နဲ့တိုက် နေပါလိမ့်မယ်. . . (မှန်ပါ့) အဲဒီလိုဖြစ်တာ မြေပုံပျောက်လို့သာ မှတ်ကြပါ. . . (မှန်ပါ့ဘုရား)။

တစ်ခါတလေ မြေပုံရှိလျက်နဲ့တောင်မှ မှားတဲ့အခါ ပါသေးတယ်. . . (မှန်ပါ့) အဲ. . ခင်ဗျားတို့မှာလည်း ဒီမြေပုံဟာ တစ်ခါ တစ်ခါပျောက်သွားတယ်၊ သားရေး သမီးရေး စီးပွားရေး လောကဓံ ဓားပြတိုက်လိုက်တဲ့အခါကျတော့ ဒီမြေပုံပျောက် သွားရင် သွားပြီ၊ ကျောက်တောင် တိုက်မယ်သာ စိတ်ကူး ပေတော့ . . . (မှန်ပါ့) သင်္ဘောပျက်မယ်သာ စိတ်ကူးပေ တော့. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ) အရေးကြီးလို့ ပြောနေတယ်ဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ မြေပုံ လက်ကိုင်ရကြပလား . . . (ရပါပြီ ဘုရား) ရှေးဦးစွာ ဘယ်ကစကိုင်ရမလဲ. . . (သမ္မာဒိဋ္ဌိက စကိုင်ရပါမယ်) ဒီကလိုက်ကြပါ၊ နိဿတ္တနိဇ္ဇီဝက ကိုင်ပါ နော်. . . (မှန်ပါ့)။

၁-နံပါတ်က ဘာကိုင်ရမယ်. . . . (နိဿတ္တနိဇ္ဇီဝက ကိုင်ရ ပါ့မယ်ဘုရား) နိဿတ္တနိဇ္ဇီဝကို ကိုယ်တိုင်ရှာလို့ မရတော့ ဘာလုပ်ရမယ်. . . (တရားနာပြီးနှလုံးသွင်းမှန်ရပါမယ်ဘုရား)။

## လမ်းမှားစရာရှိသေးရဲ့လား

အဲဒီတရားနာပြီး နှလုံးသွင်းမှန်တော့ ဘာတွေ့မယ် ထင်ကြသတုံး. . . (သမ္မာဒိဋ္ဌိတွေ့ပါမယ်) အဲ. . . သမ္မာဒိဋ္ဌိ တွေ့လို့ရှိရင် လမ်းမှားစရာရှိသေးရဲ့လား. . . (မရှိပါ) "ကောယ

နောယံ ဘိက္ခဝေ မဂ္ဂေါ" ဆိုပြီး တစ်ကြောင်းတည်းနဲ့ ဒီကို ရောက်လာတယ်ဆိုတာ ဘုရားက ဝန်ခံဟောတော်မူတယ် သဘောကျပလား. . . (ကျပါပြီဘုရား)။

ကဲ. . . နေရာကျပြီ ဒကာ ဒကာမတို့ မပျောက်ဖို့ အရေး ကိုယ့်အရေး. . . (မှန်ပါ့) မြေပုံဆွဲပေးဖို့ကတော့ ဆရာဘုန်းကြီး အရေးပဲ. . . (မှန်ပါ့ဘုရား)။

အဲဒီဥစ္စာကို နက်ဖြန်မေးလိမ့်ဦးမယ်၊ ခင်ဗျားတို့ ဖျောက်ပစ်မှာစိုးလို့. . . (မှန်ပါ့) အိမ်ကျတော့ မြေပုံပါ ပျောက်နေမှာ စိုးရသေးတယ်. . . (မှန်ပါ့ဘုရား) မြေပုံပျောက်နေရင်တော့ဖြင့် ကောင်းကင်က လေယာဉ်ပျံလမ်းမှန်တော့မှာ မဟုတ်တော့ပါဘူး . . . (မှန်ပါ့) ရေထဲသွားတဲ့ သင်္ဘောတွေ. . . (မမှန်ပါဘုရား) နိုင်ငံလှည့် ကမ္ဘာလှည့်နေတဲ့ ပုဂ္ဂိုလ်တွေ . . . (မမှန်ပါဘုရား) ဘာ့ကြောင့်တုံး. . . (မြေပုံပျောက်လို့ပါဘုရား) သွားရာမြေပုံ ရောက်ရာမြေပုံ ကိုင်ရာမြေပုံတွေ ပျောက်တယ်. . . (မှန်ပါ့) ဒီမှာလည်း နိဗ္ဗာန်နဲ့ဆိုင်တဲ့ မြေပုံပေးထားပါတယ်. . . (မှန်ပါ့) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့်နိဿတ္တ နိဇ္ဇီဝဓမ္မကို ရှေးဦးစွာရှာ. . . (မှန်ပါ့) ရှေးဦးစွာရှာဆိုတော့ ကိုယ်ကတော့ သဗ္ဗဇာနာတိတိ သဗ္ဗညုတဉာဏ်လည်းမဟုတ်ဘူး. . . သူတစ်ပါးမှီမှသိရမယ့် ပုဂ္ဂိုလ်ဖြစ်နေတော့ နိဿတ္တနိဇ္ဇီဝ ရှာမယ်ကြံလို့ရှိရင်ဖြင့် ကိုယ်နဲ့

နှလုံးသွင်းမှန်တဲ့တရားကို နာရဦးမယ် . . . (မှန်ပါ့) ကိုယ့်သဘောနဲ့လျှော်တဲ့. . . (မှန်ပါ့) မနာရင်လည်း သမ္မာဒိဋ္ဌိမဖြစ်လို့ ရှိရင်လည်းနိဗ္ဗာန်ကို. . . (မရောက်ပါဘုရား) မရောက်တော့ဘူးဆိုတော့ ဩော်. . . ဒါဖြင့် နိဿတ္တနိဇ္ဇီဝတရားကို ရှာရတော့မယ်ဆိုတာ ဒကာ ဒကာမတွေ ပေါ်လာတယ်. . . (ပေါ်လာပါတယ်) ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

## ဘာကြောင့်သုညတ တရားအရှာခိုင်းပါလိမ့်

ဘာဖြစ်လို့ နိဿတ္တနိဇ္ဇီဝတရား သတ္တဝါမဟုတ် ဇီဝမဟုတ်တဲ့ တရား၊ သုညတတရားကို အရှာခိုင်းပါလိမ့်မတုံးဆိုတော့ ခင်ဗျားတို့မှာ ရိုးရာနှိပ်စက်နေတာက မတော်လှန်နိုင်ဘဲ ဖြစ်နေတယ်. . . (မှန်ပါ့) ဟောဒါသားပဲ၊ ဟောဒါ သမီးပဲ၊ ဟောဒါ မြေးပဲ၊ ဟောဒါငါပဲဆိုတာ ရိုးရာကြီးက နှိပ်စက်လိုက်တာ နိဿတ္တနိဇ္ဇီဝ ပျောက်သွားကတည်းက ဒကာ ဒကာမတွေ တစ်ခါတည်းငါဆိုတဲ့ ဒိဋ္ဌိက လွှမ်းမိုးလာတာပဲ. . . (မှန်ပါ့) ငါ့သား၊ ငါ့သမီး၊ ငါ့ကိုယ်ဆိုတာတွေ မလာသေးဘူးလား. . . (လာပါတယ်ဘုရား) ဒါကပျောက်သွားလို့ ဒိဋ္ဌိ ဦးစီးလာတာဘာတုံး. . . (နိဿတ္တနိဇ္ဇီဝ ပျောက်သွားလို့ ဒိဋ္ဌိဦးစီးလာတာပါဘုရား)။

သူညတ ခမ္မပျောက်သွားတော့ကို တစ်ခါတည်း၊ ငါ့ကိုယ် ငါ့ဟာဆိုတာကြီးက ဦးစီးလာလိုက်တာ သူသာဦးစီးလို့ ရှိရင်ဖြင့်၊ 'ဒိဋ္ဌိ ဗန္ဓန ဗန္ဓာတေ တဏှာသောတေနဝုယှရေ၊ တဏှာသောတေန ဝုယှန္တာ၊ နတေဒုက္ခာပမုစ္စရေ'ဒိဋ္ဌိဦးစီး လာရင်တော့ မရတော့ဘူး၊ သံသရာ မျောမယ်သာ စိတ်ကူး ပေတော့. . . (မှန်ပါ့) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

## ဒီမြေပုံဟာ သိပ်အရေးကြီးတယ်

ဒါဖြင့် နိဿတ္တနိဇ္ဇီဝမပျောက်အောင် ဒကာ ဒကာမတွေ ဒီမြေပုံဟာ သိပ်အရေးကြီးတယ်. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဦးခင်မောင် အကြောင်းအကျိုးကော ဆက်ပလား . . . (ဆက်ပါပြီဘုရား) လိုရင်းမှန်ကော သိကြပလား. . . (သိပါပြီ ဘုရား) လိုရင်းမှန်းသိလာတော့ ဩော်. . . တော်တော် အရေး ကြီးလို့ တော်တော်ပြောနေတာ၊ အခုနာရီဝက်ကျော်ကျော် ပြောတဲ့အဓိပ္ပါယ်၊ ငါတို့မှာ နဂိုရ်က လက်ကိုင်မရှိလို့ ရမ်းနေတာ ကိုး ဆိုတာပေါ်လာတယ်. . . (မှန်ပါ့ဘုရား)။

လက်ကိုင်မရှိတော့ ဘယ်နှယ်တုံး. . . (ရမ်းနေပါတယ် ဘုရား) နိဗ္ဗာန်ဟာ ဒီလမ်းပဲလား သို့မဟုတ် ဟိုဖက်လမ်းပဲလား ကွေ့သွားရမှာပဲလားဆိုပြီး၊ အမျိုးမျိုး အဖုံဖုံတွေ ခင်ဗျားတို့

သည် မေးပြန်တော့လည်း၊ သူများပါးစပ် လမ်းဆုံး ကိုယ်တိုင်လည်း မြေပုံကမရှိ. . . (မှန်ပါ့) ပြောတဲ့ပါးစပ်ကလည်း အများအားဖြင့် ဒကာ ဒကာမတို့ မြေပုံလက်မှာကိုင်ပြီးပြောတာကနည်းတယ်၊ ပြောသံကြားနဲ့ ပြောနေတာများတယ်. . . (မှန်ပါ့) ဒါနဲ့ သံသရာထဲ ဒေါင်ချာစိုင်းနေတာပဲဆိုတာကော ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## ဒေါင်ချာစိုင်းတဲ့ဇာတ်ကိုသိမ်းကြစို့

အဲ. . . အခုဒေါင်ချာစိုင်းတဲ့ဇာတ်ကို သိမ်းကြစို့. . . (မှန်ပါ့) ဘာနဲ့သိမ်းမတုံး. . . (နိဗ္ဗာန်မြေပုံ လက်ကိုင်ထားရပါမယ်) နိဗ္ဗာန်သွားလမ်းပြမြေပုံကို လက်ကိုင်ထားရင် နေရာကျပြီ. . . (မှန်ပါ့) သူများပါးစပ် လမ်းဆုံးစရာကော ရှိသေးရဲ့လား. . . (မရှိပါဘုရား)။

အဲ. . . သူများပါးစပ် လမ်းဆုံးတာလောက် ကြောက်စရာကောင်းတာဘယ်မှာရှိမလဲဗျ. . . (မှန်ပါ့) အခုတော့ သူများလို့ အောက်မေ့မနေနဲ့ ဆရာဘုန်းကြီးက ဟောတာလည်း အောက်မေ့မနေနဲ့ ဘုရားဟောထားခဲ့တာ. . . (မှန်ပါ့) သမ္မာဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်းဟာ "ယောနိသောမနသိကာရပဲ" တဲ့. . . ပရတောဃောသပါပဲဆိုတာ သေသေချာချာဟောတယ်. . . (မှန်ပါ့) သူတစ်ပါးတရားကိုလည်း နာရမှ 'ယောနိသော

မနသိကာရကိုလည်း' ရမှ. . . (မှန်ပါ့) အဲဒါကို ထင်ရှားရန် ဘုန်းကြီးက 'ယောနိသော မနသိကာရ' ဆိုတာ တခြားမဟုတ်ဘူး၊ နိဿတ္တနိဇ္ဇီဝ တရားကို နာရမှ. . . (မှန်ပါ့) သဘောပါကြပလား. . . (ပါပါပြီဘုရား)။

## ပစ္စည်းကပန်းတစ်ပွင့်နဲ့ ဆုတောင်းရင်ရတယ်

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ မြေပုံကိုဖြင့် ဖျောက်ပစ်လို့ တော်ပါ့မလား . . . (မတော်ပါဘုရား) ဒီမြေပုံကို ဖျောက်လို့ရှိရင် ခင်ဗျားတို့အပါယ်လေးပါး ရောက်ဖို့ရယ်၊ သုံးဆယ့်တစ်ဘုံမှာ အိုပွဲ၊ နာပွဲ၊ သေပွဲတွေ ရှောက်နွဲ့ဖို့ရယ် ဒါပဲရှိတော့တယ်. . . (မှန်ပါ့) အင်မတန် နစ်နာသွားမယ်နော်. . . (မှန်ပါ့) ခင်ဗျားတို့ အတွင်းပစ္စည်းပျောက်တာ၊ ဒါလောက် မဆိုးပါဘူး. . . (မှန်ပါ့) အတွင်းပစ္စည်းက ပန်းတစ်ပွင့်နဲ့ နောက်ကို ဒီထက်နှစ်ဆတိုးရပါလို၏ ဆုတောင်းယူ နောက်ဘဝရပါတယ် . . . (မှန်ပါ့) ဒီဟာကမရတော့ဘူး. . . (မှန်ပါ့ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ဒီဥစ္စာကမှ အတွင်းပစ္စည်းထက် အတွင်းကျတဲ့ ပစ္စည်းလို့ မှတ်လိုက်ပါဦး. . . (မှန်ပါ့) မမှတ်ထိုက်ဘူးလား . . . (မှတ်ထိုက်ပါတယ်ဘုရား) ဘုရားအဆူဆူနဲ့ လွဲခဲ့ရတာ ဒီအတွင်းပစ္စည်းထက် အတွင်းပစ္စည်းကျတဲ့ ပစ္စည်းပျောက်နေလို့. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ)

သံသရာထဲမှာ အိုဘေး, နာဘေး, သေဘေးတွေချည့် ကိုယ်က အဖော်လုပ်နေတာ နိဗ္ဗာန်သွားမြေပုံ အတွင်းပစ္စည်းပျောက်နေလို့. . . (မှန်ပါ့) ဦးခင်မောင် ဟုတ်ပလားဗျာ. . . (ဟုတ်ပါတယ်ဘုရား)။

## သတ္တဝါမဟုတ်ရုပ်နာမ်ခမ္မပဲ

အခုလည်း ခင်ဗျားတို့သည်ကားလို့ဆိုရင် အိမ်ကျရင် ဒီမြေပုံကို ဖျောက်ပစ်မှာလည်း စိုးရသေးတယ်. . . (မှန်ပါ့) အိမ်ကျရင် ဖျောက်ပစ်မှာ စိုးရတယ်ဆိုတော့ အိမ်ကျတော့ သားတွေ သမီးတွေ နိဿတ္တနိဇ္ဇီဝ ဖြစ်ရမယ်. . . (မှန်ပါ့) ခန္ဓာကိုယ်ကလည်း နိဿတ္တနိဇ္ဇီဝဖြစ်ရမယ်၊ သတ္တဝါမဟုတ်ဘူး၊ ရုပ်နာမ်ခမ္မပဲ. . . အနိစ္စ, ဒုက္ခ, အနတ္တ, ဒုက္ခသစ္စာပဲ. . . (မှန်ပါ့) အဲဒါတွေ ပျောက်သည်နဲ့တစ်ပြိုင်နက်တည်း မြေပုံတစ်ချပ် ပျောက်ပြန်ပြီ လုပ်ရလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

ဒါကလေးဝင်လာရင် ဘယ့်နှယ်ဆိုကြမလဲ. . . . . (မြေပုံအစပျောက်ပြန်ပြီ) မြေပုံအစ ပျောက်ပြန်ပြီ၊ မြေပုံပျောက်ရင် ဖြင့် ငါတော့ဖြင့် အိုဘေး, နာဘေး, သေဘေးထဲရော တွေ့ဦးမယ် ဆိုတာ၊ သေသေချာချာ မှတ်တာပေါ့. . . (မှန်ပါ့ဘုရား)။

## ဒါပေါ်လာရင်မြေပုံတွေ့ပြီ

နိဿတ္တနိဇ္ဇီဝကလေး ပေါ်လာလို့ရှိရင်ဖြင့် ဦးခင်မောင်ရေ မြေပုံတွေ့ပြီ. . . (မှန်ပါ့) မြေပုံတွေ့လို့ရှိရင်ဖြင့် ဒီမြေပုံအတိုင်း လိုက်ပေတော့. . . (မှန်ပါ့) မလိုက်ရပေဘူးလား. . . (လိုက်ရပါတယ်ဘုရား)။

ဒါကလေး ပျောက်သွားတယ်ဆိုလို့ရှိရင်ဖြင့် ကိုယ်ကျိုးဖြင့် လှလှကြီးနည်းတာပဲ. . . (မှန်ပါ့) ဆိုထိုက်ပလား. . . (ဆိုထိုက်ပါပြီဘုရား)။

ဒါဖြင့် ကိုယ်ကျိုးနည်းတဲ့ ဇာတ်ဟာ ဘယ်ဇာတ်ပါလိမ့် မတုံးမေးတော့ တွေ့ကိုမတွေ့ပါဘူးဘုရား၊ ပျောက်တယ်ဆိုတာ အသာထားပါတော့. . . (မှန်ပါ့ဘုရား) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဘယ်လိုပါလိမ့် . . . (တွေ့ကို မတွေ့ပါဘုရား) တွေ့ကို မတွေ့ဘူး ပျောက်သွားတယ် ဆိုတာသာ ထားပါဦး . . . (မှန်ပါ့ဘုရား)။

အခု ဒီဒကာဒကာမတွေမှာ ရထားတာ ကတော့တွေ့တဲ့ ပုဂ္ဂိုလ်တွေမို့ ပျောက်မှာစိုးလို့ ပြောတာ . . . (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ကတော့ ဘယ်လိုစိုးရိမ်ပါလိမ့် ဘုန်းကြီးက (ပျောက်မှာစိုးရိမ်ပါတယ်ဘုရား) ပျောက်မှာ စိုးရိမ်ရတယ်၊ ဒီလို

နိဿတ္တနိဇ္ဇီဝဖြစ်တဲ့လူက တရားမနာရ မပြုရသေးတဲ့ ပုဂ္ဂိုလ်တွေ သူခမျာမျာ စားရေး၊ သောက်ရေး၊ နေရေး ထိုင်ရေးနဲ့ အရေးကြီးပြီးသကာလ နေတဲ့ပုဂ္ဂိုလ်တွေကျတော့ မြေပုံမတွေ့မှာ စိုးရိမ်ရတယ် . . . (မှန်ပါ့) ခင်ဗျားတို့အတွက်တော့ ဘာတဲ့ . . . (ပျောက်မှာစိုးရိမ်ရတယ်) မတွေ့တဲ့ ပုဂ္ဂိုလ်နဲ့ ပျောက်တဲ့ ပုဂ္ဂိုလ်နဲ့လည်း တယ်မထူးလှဘူး. . . (မှန်ပါ့) မတွေ့တဲ့ ပုဂ္ဂိုလ်ကလည်း သူ့လက်ထဲမှာ မရှိတာဘဲ၊ ပျောက်တဲ့ပုဂ္ဂိုလ်ကလည်း . . . (သူ့လက်ထဲမှာ မရှိတာဘဲ) မရှိတာခြင်းအတူတူဘဲ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

## ဒါပျောက်သွားရင် ဒိဋ္ဌိကဦးစီးပြီ

ဘုန်းကြီး တကယ်ပြောတဲ့ ဘုန်းကြီးပါလားလို့ အောက်မေ့မနေနဲ့ ခင်ဗျားတို့အတွက်လို့ အောက်မေ့ပါ . . . (မှန်ပါ့) ဒါကလေး ပျောက်သွားလို့ရှိရင်ဖြင့် ဒကာဒကာမတွေ ဒါပျောက်သွားသည်နဲ့ တစ်ပြိုင်နက်တည်း ဒိဋ္ဌိကဦးစီးပြီ . . (မှန်ပါ့) မစီးပေဘူးလား . . (စီးပါတယ်) နိဿတ္တနိဇ္ဇီဝပျောက်ပစေဦး ခင်မောင် ဒိဋ္ဌိလာမလား . . (လာပါတယ်) ဒိဋ္ဌိလာရင် လမ်းနှစ်ခွတွေ့တော့မယ် ဝိစိကိစ္ဆာ ပါလာမယ်၊ ပါလာရင် လမ်းနှစ်ခွတွေ့လို့ရှိရင် ခင်ဗျားတို့ ဆနေရပြီ၊ ဆနေရရင် တစ်ဖက်တော့ နင်းတော့မှာပဲ၊ ဟိုဘက် လမ်းလိုက်ရမလား . . . ဒီဘက်လမ်း လိုက်ရမလား . . . နှစ်ခွတော့ မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)။

မထမဒိဋ္ဌိဦးစီးတယ်၊ နောက် ဝိစိကိစ္ဆာဆိုတဲ့ လမ်းနှစ်ခွ လာတွေ့တော့ လိုက်မိလိုက်ရာ လိုက်တော့သွားပြီ . . . (မှန်ပါ့) နိဗ္ဗာန်တည်းဟူသော မအိုရာ, မသေရာသို့ ဆိုက်ဆိုက်မြိုက် မြိုက် ရောက်သေးရဲ့လား . . . (မရောက်ပါဘုရား)။

ကိုင်း . . . ဒါဖြင့် အခုဒို့သည်ကားလို့ ဆိုလို့ရှိရင် ငယ်ရာက ကြီးပြီးသကာလ ဒီမြေပုံ လက်ကိုင်မရှိဘူး အလကား ကြီးလာတာ . . (မှန်ပါ့) အလကားကြီး လာတာလား မြေပုံ လက်ကိုင်ရှိပြီး ကြီးလာတာ ဟုတ်ပါရဲ့လား . . . (မဟုတ်ပါ ဘုရား)။

## ကိုယ်တော့်မြေပုံ မလိုချင်ဘူးတဲ့

နိယတနိဗ္ဗိဝများ ခင်ဗျားတို့ ဟောမယ် ကြံလို့ရှိရင် ဆရာတော် သမားတော်လည်း အင်မတန် ဟောတော်မူပါ တယ်၊ ဤကား ကုသလာဓမ္မာ အကုသလာဓမ္မာဆိုရင် ဒါဟာ နိယတနိဗ္ဗိဝ ဟောတော်မူတာပဲ၊ ဆရာတော်တွေလည်း ဟောရော ခင်ဗျားတို့က အဘိဓမ္မာ သတ်တယ်ဆို ထပြေးကြ တာပဲ. . . (မှန်ပါ) မပြေးကြဘူးလား . . . (ပြေးပါတယ်ဘုရား) နိယတနိဗ္ဗိဝလည်း ဟော ဦးဘအုန်း ထကြတော့တာပဲ၊ တော်ပါတော့၊ ကိုယ်တော့် ဒီမြေပုံ မလိုချင်ဘူးလို့ ဆိုရာတောင် ကျနေတာပဲ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဦးခင်မောင်ကြီးတို့လည်း ဒီအတိုင်းပဲ မဟုတ်လား . . . (မှန်ပါ့ဘုရား) အဲ . . ဒါဖြင့် ဒကာဒကာမတို့ နိဿတ္တနိဇ္ဇီဝ မပါလို့ရှိရင်လည်း 'ယောနိသော မနသိကာရက' လာပါ့မလား . . . (မလာပါဘုရား) နှလုံးသွင်း မမှန်တော့ဘဲနဲ့ ဘယ်မှာ သမ္မာဒိဋ္ဌိက ဖြစ်တော့မတုံး . . . (မဖြစ်ပါဘုရား) သမ္မာဒိဋ္ဌိမှ မဖြစ်ဘဲနဲ့ ဒကာဒကာမတို့ သမ္မာဒိဋ္ဌိရမှ နိဗ္ဗာန်မြင်နိုင်တဲ့ဉစ္စာ မြင်စရာကို မျက်လုံးပါသေးရဲ့လား . . . (မပါပါဘုရား) မပါလို့ ရှိရင့် ရောက်ပါဦးတော့မလား . . . (မရောက်ပါဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့အရေးကြီးကြောင်း သိပလား. . . (သိပါပြီဘုရား) ဒီနေ့ဘာတရား ဟောသတုံး (နိဗ္ဗာန် သွားမြေပုံတရားကို ဟောပါတယ်) နိဗ္ဗာန်ရောက်နိုင်တဲ့ မြေပုံကို ပျောက်မပြစ် နိုင်အောင်လို့ ခင်ဗျားတို့ကို ပေးထား တယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## အိမ်ရောက်ရင်ပျောက်တတ်တယ်

ဘယ်အချိန်ပျောက်တတ်သတုံး. . . (အိမ်ရောက်ရင် ပျောက်တတ်ပါတယ်) ဒါဖြင့် မသွားကြနဲ့၊ မသွားကြနဲ့၊ အိမ်ပြန်ဖို့ တောင် မတော်ဖြစ်နေကြပြီ၊ ပြန်ကြလို့ရှိရင်လည်း ဒါကိုတော့ မပျောက်ကြစေနဲ့ ဒကာ ဒကာမတို့ အိမ်ရောက်ရင် ပျောက်တယ် ဆိုကတည်းက အတော်ဆိုးသွားတယ်. . . (မှန်ပါ့ဘုရား)။

ပျောက်လည်း ပျောက်တတ်တာပဲ ဦးခင်မောင် . . . (မှန်ပါ့) ဦးခင်မောင်ဒါဖြင့် ခင်ဗျားတို့ နေရာတွေဟာ စက်လေးပါး မကြဲ့ဘူး၊ 'ပဋိရူပဒေသဝါသစက်လည်း' မဟုတ်ဘူး၊ ပုဗ္ဗေစ ကတ ပုညတာစက်လည်းမဟုတ်ဘူး၊ 'အတ္တသမာပဏိဓိကလည်း' မရှိဘူး၊ ဦးဘအုန်းရိပ်မိပလား. . . (ရိပ်မိပါပြီ) ဘာဖြစ်လို့တုံး နိဗ္ဗာန်သွားမြေပုံ သူရောက်ရင်ပျောက်တယ်ဆိုကတည်းက၊ ဘယ်ကလာ ကောင်းနိုင်တော့မလဲ. . . (မကောင်းနိုင်ပါဘုရား) ကောင်းနိုင်စရာရှိသေးရဲ့လား. . . (မရှိပါဘုရား)။

ပျောက်တယ် မပျောက်တယ်ဆိုတာကဘာလည်း အိမ်မှာ စဉ်းစားကြည့် အိမ်ရောက်ရင် သောကဗျာပါဒ ဝင်လာတာပဲ. . . (မှန်ပါ့) မဝင်လာဘူးလား. . . (ဝင်လာပါတယ်) လာတယ်ဆို ကတည်းက အဲဒါ ဘာပျောက်လို့ဆိုတာ ရိပ်မိ ရောပေါ့၊ မြေပုံပျောက်လို့ . . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါ ပြီဘုရား)။

မြေပုံပျောက်တော့ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ ဆိုတာ ငါ့ဟာဆိုတဲ့ ဒိဋ္ဌိစွဲက အကြောင်းခံလာတာဗျ . . . (မှန်ပါ့) ဒိဋ္ဌိလာခြင်းကြောင့် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿတို့ အကုန်ဖြစ်လာတယ်ဆိုတာ ပေါ်လာကြပလား . . . (ပေါ်ပါပြီ ဘုရား)။

## မနေကောင်းတဲ့နေရာကကိုယ့်အိမ်

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ မသွားကောင်းတဲ့အရပ် မနေကောင်းတဲ့နေရာဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီ) မသွားကောင်းတဲ့အရပ်ကလည်း ကိုယ်နေတဲ့အရပ်၊ မနေကောင်းတဲ့နေရာကလည်း ကိုယ့်အိမ် ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဦးခင်မောင် တောလည်းမထွက်နိုင်နဲ့ မခက်ဘူးလား . . . (ခက်ပါတယ်ဘုရား) မြေပုံပျောက်တဲ့ နေရာချည့် သွားပြီး နေမိတော့လည်းစုံလုံးကန်းချည်းဖြစ်ပြီးသကာလ မနေပေဘူးလား. . . (နေပါတယ်ဘုရား)

## ဒီနေရာပျောက်တတ်တယ်

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတွေ ဒီနေရာဟာ ပျောက် တတ်တယ်ကွ၊ နိဿတ္တနိဇ္ဇီဝတွေ မဖြစ်ဖြစ်အောင်လုပ်ပါ ကိုယ့်ကိုယ်လည်း . . . (မှန်ပါ့) ကိုယ့်သားကိုယ့်သမီးတွေအပေါ် ကော. . . (မဖြစ်ဖြစ်အောင်လုပ်ရပ့ါမယ်ဘုရား) မဖြစ်ဖြစ်အောင် ကြည့်၊ ဒါကလေးတွေ ရုပ်ကလေးတွေ နာမ်ကလေးတွေပဲ ဖြစ်ပျက်ကလေးတွေပဲလို့ မြန်မြန်လုပ် . . . (မှန်ပါ့) နို့မဟုတ် လို့ရှိရင်ဖြင့် အကုန်ပျောက်ထွက်သွားလို့ ခက်ပါလိမ့်မယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟော လေသမျှ နိဿတ္တနိဇ္ဇီဝရောက်တာချည့်ပဲလို့ ဆုံးဖြတ် ချက်ချ (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ) ကိုင်း. .ဒါဖြင့် မနေ့ကတရားကို ပြန်ပြီးစကြစို့ . . . (မှန်ပါ့) အခုဒီဥစ္စာ လေးချက်တော့ ရှင်းသွား ပြီနော်. . . (မှန်ပါ့ဘုရား)။

## ခန္ဓာထဲမှာအို နာ သေ တွေရှိတယ်

ဒကာ ဒကာမတို့ အို, နာ, သေဆိုတာ သိပြီနော်၊ ခန္ဓာကိုယ် ထဲမှာ အို, နာ, သေတွေရှိနေတယ်. . . (မှန်ပါ့) အို, နာ, သေ ဘယ်ကလာပါလိမ့်. . . (ခန္ဓာကလာပါတယ်) ခန္ဓာ ငါးပါးရှိတဲ့ အတွက် ဒကာ ဒကာမတွေ အို, နာ, သေ လာတာပဲ၊ ဒါဖြင့် ခန္ဓာငါးပါးလမ်းကို လိုက်တဲ့ပုဂ္ဂိုလ်ကဖြင့် မြေပုံပျောက်ပြီ . . . (မှန်ပါ့) မပျောက်သေးဘူးလား . . . (ပျောက်ပါပြီဘုရား)။

ဘာခန္ဓာဖြစ်ရပါလို၏၊ ညာခန္ဓာဖြစ်ရပါလို၏ ဆိုရင်ဖြင့် ဦးခင်မောင် ဘာပျောက်ပြီတုံး. . . (မြေပုံပျောက်ပါပြီဘုရား) ဘယ်မြေပုံပျောက်တာတုံးဗျာ. . . (နိဗ္ဗာန်သွား မြေပုံပျောက် တာပါဘုရား) အင်း. . . သုံးဆယ့်တစ်ဘုံ မြေပုံကြီးကတော့ သူနားလည်ထားတယ်. . . (မှန်ပါ့) နိဗ္ဗာန် သွားတဲ့ မြေပုံကတော့ (ပျောက်ပါပြီဘုရား) နာလိုက်တဲ့ဖြစ်ခြင်းဗျာ၊ မနာဘူးလား . . . (နာပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဘုရားရှေ့သွားပြီး သုံးဆယ့်တစ်ဘုံ မြေပုံကြီး လုပ်မနေပါနဲ့၊ သုံးဆယ့်တစ်ဘုံမြေပုံကတော့ မျက်စိလည်တဲ့သူသွားတဲ့လမ်းတွေ. . . (မှန်ပါ့) ဦးဝ ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

## ခန္ဓာဘယ်ကလာပါလိမ့်

ဒါဖြင့် ခန္ဓာငါးပါးသည် ဒကာ ဒကာမတို့ ဘယ်ကလာပါလိမ့်. . . (တဏှာကလာပါတယ်ဘုရား) တဏှာဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ ဘယ်တော့မှ အဖြောင့်မပြဘူး၊ အကောက်ချည့်ပြတယ်. . . (မှန်ပါ့) တဏှာက အကောက်ချည့်ပြပါမယ် ဆိုတော့ အိုလမ်း၊နာလမ်း၊သေလမ်းချည့်ပြတယ်. . . (မှန်ပါ့) အို၊ နာ,သေသိမ်းတဲ့ငြိမ်းတဲ့လမ်းကိုသူပြရဲ့လား. . . (မပြပါဘုရား)။

## အိုသေဘယ်ကလာသတုံး

ဒါ့ကြောင့် ဒကာ ဒကာမတို့ ဘုရားဟောတော်မူတာ ကြည့်ပါ၊ အို, နာ , သေ ဘယ်ကလာသတုံး. . . (ခန္ဓာငါးပါးက လာပါတယ်) ခန္ဓာငါးပါး ဘယ်သူက ဖြစ်စေတာတုံး. . . (တဏှာကဖြစ်စေပါတယ်) တဏှာကဖြစ်စေတယ်ဆိုတာ မသေချာဘူးလား. . (သေချာပါတယ်) ဒီတဏှာ ဘယ်ကလာပါလိမ့်မတုံး. . . (ခင်ရာ မင်ရာကလာပါတယ်ဘုရား)။

အဲ. . . . နိဿတ္တ နိဇ္ဇီဝပျောက်ပြီ. . . (မှန်ပါ့) မပျောက်သေးဘူးလား. . . (ပျောက်ပါပြီဘုရား) ဒါ့ကြောင့် ခင်ဗျားတို့သည် အိမ်ကိုမပြန်စေချင်တာ ပျောက်မှာစိုးလို့ . . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား) အိမ်ပြန်သွားရင် ပျောက်မှာပဲ သူ့ဟာက. . . (မှန်ပါ့) အိမ်ပြန်တော့နိဿတ္တ နိဇ္ဇီဝပျောက်ပြီး ပုဂ္ဂိုလ်သတ္တဝါတွေ ပေါ်လာတယ်. . . (မှန်ပါ့ဘုရား)။

နိဿတ္တ နိဇ္ဇီဝပျောက်ပြီး ဘာပေါ်ပေါက်လာသတုံး . . . (ပုဂ္ဂိုလ်သတ္တဝါ ပေါ်ပေါက်လာပါတယ်) ပုဂ္ဂိုလ် သတ္တဝါ ပေါ်ပေါက်လာတယ်ဆိုကတည်းက သုံးဆယ့်တစ်ဘုံ မြေပုံကြီး အတိုင်း ဝင်လာတယ်. . . (မှန်ပါ့) နိဗ္ဗာန်သွားမြေပုံပျောက် ရော . . . (မှန်ပါ့) ဒီတော့ အင်မတန်မနစ်နာဘူးလား ဒကာ ဒကာမတို့ (နစ်နာပါတယ့်ဘုရား)။

ကိုင်း. . . ခင်ဗျားတို့က တောကလည်း မထွက်နိုင် . . . (မှန်ပါ့) တောကလည်း မထွက်နိုင်ဖြစ်ပြီးသကာလနေ တော့၊ ဘာဖြစ်လို့ မထွက်နိုင်တာတုံးဆိုတော့ မြေပုံပျောက်လို့ ကို မထွက်နိုင်တာ. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ) မြေပုံ တစ်နေ့ဘယ်နှစ်ခါ ပျောက်သတုံး. . . (မရေတွက်နိုင်ပါဘုရား) တချို့လုံးဝကို အလိုမရှိဘူး၊ ပျောက်ဖို့ရာ အသာထားဦး . . . (မှန်ပါ့ဘုရား)။

## တဏှာဘယ်ကလာသတုံး

ဒကာ ဒကာမတို့ တဏှာဘယ်ကလာသတုံး. . . (ခင်ရာမင်ရာက လာပါတယ်ဘုရား) ဘာပျောက်တယ်ဆိုတာ ခင်ဗျားတို့ပဲ အကဲခတ်တော့. . . (မှန်ပါ့) ဘာပျောက်သွားသတုံး . . . (နိသတ္တနိဇ္ဇီဝပျောက်ပါတယ်) နိသတ္တနိဇ္ဇီဝ ပျောက်သွား တယ်၊ ခင်ရာမင်ရာဖြစ်သွားတယ်. . . (မှန်ပါ့) ငါ့သား ငါ့သမီး ဖြစ်သွားတယ် . . . (မှန်ပါ့ဘုရား)။

ကဲ. . . ဘယ့်နှယ်နေသတုံး ခင်ရာမင်ရာက လာတယ် ဆိုတာ မမှန်ဘူးလား. . . (မှန်ပါတယ်) ဒါဖြင့် ခင်စရာ ရှိနေလို့ ရှိရင် တဏှာလာမယ်၊ တဏှာလာလို့ရှိရင် ခန္ဓာရမယ်၊ ခန္ဓာ ရရင်ဖြင့် အို, နာ, သေရမယ်ဆိုတဲ့ဥစ္စာ ဦးခင်မောင် လွဲဖို့များ ရှိသေးသလား . . . (မရှိပါဘုရား)။

အဲဒါ မနေ့ကတရားကို သွားပြီးသကာလ ခုနင်က ပြောခဲ့တဲ့ သမ္မာဒိဋ္ဌိသုတ်ကနေပြီး ဦးဘတင် ထောက်ခံ လိုက်တာပဲ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ) အင်မတန် အဖိုးတန်တော့ တယ်ဆိုတာ မပေါ်သေးဘူးလား. . . (ပေါ်ပါပြီဘုရား)။

## ခင်ရာမင်ရာ အာယတနတွေကလာတယ်

ကောင်းပြီ ဒကာ ဒကာမတို့ ပြောကြပါဦး၊ အို, နာ, သေ ဘယ်ကလာသတုံး. . . (ခန္ဓာကလာပါတယ်) ခန္ဓာငါးပါး

ဘယ်ကလာသတုံး. . . (တဏှာက လာပါတယ်) တဏှာ ဘယ်က ဘာပါလိမ့်. . . (ခင်ရာမင်ရာက လာပါတယ်) ခင်ရာ မင်ရာ အာယတန တွေကလာတယ်နော်. . . (မှန်ပါ့ဘုရား)။

ခင်ရာမင်ရာ ဆိုကတည်းကိုက သားသမီးတဏှာ သူတစ်ပါးက လာတော့တာပဲ. . . (မှန်ပါ့) ကျုပ်တို့က တစိမ်း ပေမယ့်ခင်တယ်၊ တစိမ်းခင်လည်း မရှိကြဘူးလား . . . (ရှိပါတယ်) ဒါတော့ ဆွေမျိုး ခင်ရတယ်ဆိုတာကော. . . (ရှိပါတယ်ဘုရား) ဒါတော့ တစိမ်း ဒါပေမယ့်လည်း ကိုယ်နဲ့ အကြောင်းဆက်နေပြန်တော့ ခင်ရတာပဲ. . . (မှန်ပါ့ဘုရား)။

သူနဲ့ဆက်ပြီး သူ့မိဖတွေနဲ့ကော . . . (ခင်ရပါတယ် ဘုရား) အံမာလေး ဒကာ ဒကာမတို့ ခင်ရာမင်ရာပေါင်း ဘယ်လောက်များသတုံးမေးလို့ရှိရင်. . . (မရေတွက်နိုင်ပါဘုရား) ဘယ်သူပျောက်သွားလို့ ခင်ရာမင်ရာဖြစ်လာသတုံး. . . (နိဿတ္တနိဇ္ဇီဝပျောက်သွားလို့ပါဘုရား)။

## ခင်ရာမင်ရာဖြစ်ရင်နောက်ခန္ဓာပေါ်မယ်

အဲဒါကြောင့် ဒကာ ဒကာမတို့ နိဿတ္တနိဇ္ဇီဝပျောက်တဲ့ အချိန်ကစပြီး ခင်ရာမင်ရာဖြစ်တာပဲ. . . (မှန်လှပါဘုရား) ခင်ရာ မင်ရာဖြစ်ရင် နောက်ခန္ဓာပေါ်ဖို့ သေချာတာပဲ. . . (မှန်ပါ့) နောက်ခန္ဓာပေါ်ဖို့ သေချာလို့ရှိရင် အို, နာ, သေ ဟာဖြင့်

ဘယ်တော့မှ ငါနဲ့ ခွဲတော့မှာ မဟုတ်ဘူးဆိုတဲ့ ဒုက္ခ သစ္စာကြီး ပွေ့ပိုက်ပြီး သံသရာထဲလည်ရှုံပဲ ရှိတော့တယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## နိဿတ္တ၊ နိဇ္ဇီဝဖြစ်အောင်လုပ်ပါ

ဒါဖြင့် ဒကာ ဒကာမတို့ တရားဘယ်ကလာသတုံး . . . (ခင်ရာမင်ရာက လာပါတယ်ဘုရား) ကိုင်း. . . ဒါဖြင့် ကျုပ်တို့ နိဿတ္တနိဇ္ဇီဝဖြစ်အောင်လုပ်. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

ဘယ်လိုလုပ်ရမယ်. . . (နိဿတ္တနိဇ္ဇီဝဖြစ်အောင် လုပ်ရပါမယ်ဘုရား) နိဿတ္တနိဇ္ဇီဝ အဟုတ်ဆိုတော့ ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ အသက်မဟုတ်၊ ရုပ်နာမ်ဓမ္မသာဟုတ်၊ ဒုက္ခ သစ္စာသာဟုတ်၊ ဒီကျအောင် ကျင့်ရမယ်. . . (မှန်ပါ့) သဘော ကျပလား . . . (ကျပါပြီဘုရား)။

## ဖြစ်ပျက်ဒုက္ခသစ္စာ

ရုပ်နာမ်ဓမ္မဖြစ်ပျက်၊ ဒုက္ခသစ္စာလို့ပဲ ဒီလိုမထိုင်သေးသ၍ကာလပတ်လုံး နိဗ္ဗာန်မြေပုံအစက ပျောက်ပြီလို့ အောက်မေ့ပါ . . . (မှန်ပါ့) အင်မတန် အဘိုးတန်သွားပြီ ဦးဝ . . . (မှန်ပါ့) ဒကာ ဒကာမတို ခင်ရာမင်ရာကို ဘာလုပ်ရမယ်. . . (နိဿတ္တ နိဇ္ဇီဝ ဖြစ်အောင်လုပ်ရပါမယ်ဘုရား)။

ပုဂ္ဂိုလ်မဟုတ် သတ္တဝါမဟုတ် ဖြစ်အောင်လုပ်ရမယ် . . . (မှန်ပါ့) နိသသတ္တနိဇ္ဇီဝကို မြန်မာလိုပြန်လိုက်တော့ ဘာတဲ့ . . . (သတ္တဝါမဟုတ်၊ အသက်ဝိညာဉ်ကောင် မဟုတ် ပါဘုရား) သတ္တဝါမဟုတ် ဝိညာဉ်ကောင်မဟုတ်ဆိုတော့ နာမ်ရုပ်သာ ဟုတ်၏ . . . (မှန်ပါ့) ဒုက္ခသစ္စာသာ. . . (ဟုတ်ပါတယ်) ဒီလိုသွား ရလိမ့်မယ်၊ သဘောကျဖလား. . . (ကျပါပြီဘုရား)။

## သမ္မာဒိဋ္ဌိဖြစ်ရင်နိဗ္ဗာန်ရောက်တယ်

ဒီလိုသွားလိုက်တော့ အခု ပုဂ္ဂိုလ်သတ္တဝါ မဟုတ်အောင် ဘုန်းကြီးက ဟောပြီမဟုတ်လား. . . (မှန်ပါ့) ဟောတော့ ခင်ဗျား တို့မှာ ယောနိသောမနသိကာရ မရသေးဘူးလား. . . (ရပါတယ် ဘုရား) ရသည်နှင့်တစ်ပြိုင်နက် အားထုတ်လိုက်ရင် သမ္မာဒိဋ္ဌိ ဖြစ်မယ်. . . (မှန်ပါ့) သမ္မာဒိဋ္ဌိဖြစ်ရင် ဒီကနိဗ္ဗာန်ကို မရောက်ပါနဲ့ဆိုလို့ မဖြစ်ပါဘူး၊ ဘယ်နည်းနဲ့မဆို ရောက်တော့ မယ်ဆိုတာ မပေါ်လာသေးဘူးလား . . . (ပေါ်လာပါပြီ ဘုရား)။

အဲဒါ သေသေချာချာ မှတ်စမ်းပါ၊ ဒါလောက်အသွား အပြန်အမျိုးမျိုး မှန်စေတဲ့တရားကို ခင်ဗျားတို့သည် လေးလေး စားစား မှတ်မှတ်သားသားနဲ့လုပ်ပါ၊ ဒီဟာဖြင့် အပျောက်

မခံနိုင်ဘူး၊ လည်လမ်းကို ဖြတ်လမ်းနဲ့ပြနေတာ. . . (မှန်ပါ့) လည်တဲ့ မြေပုံကြီးဖျောက်ပြီးသကာလ ရောက်တဲ့မြေပုံကြီးကို ကိုယ်တိုင်အဖြစ်နဲ့ ပေးနေတာကိုဖြင့် ဖျောက်ပစ်လို့ မတော်ဘူး ဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒကာ ဒကာမတို့ အလွန့်အလွန် အရေးကြီးတယ်. . . (မှန်ပါ့) မနေ့ကတရားနဲ့ ပြန်ဆက်လိုက်တော့မှ သြော်. . . ဟုတ်ပါကလား ခုနင်ကမြေပုံဟာ အစစ်ပါလားဆိုတာ ဦးဘတင် ထောက်ခံချက်ရတယ်. . . (မှန်ပါ့ဘုရား)။

တဏှာဘယ်ကလာသတုံး. . . (ခင်ရာမင်ရာက လာပါ တယ်) ဘယ့်နှယ်ကြောင့် ခင်ရာမင်ရာ ဖြစ်သတုံးဆိုတော့ နိဿတ္တနိဇ္ဇီဝပျောက်လို့. . . (မှန်ပါ့) ဘာဖြစ်လို့ နိဿတ္တနိဇ္ဇီဝ ပျောက်ရသတုံးဆိုတော့၊ တရားနာပြီးနှလုံးသွင်းမှန်တဲ့ တရားကို မနာရလို့. . . (မှန်ပါ့) နှလုံးသွင်းမှန်တဲ့တရား မနာရတဲ့အတွက် ဒကာ ဒကာမတို့သည်ကားလို့ဆိုလို့ရှိရင် ခန္ဓာပေါ်တော့မယ် . . . (မှန်ပါ့) ခန္ဓာပေါ်လို့ရှိရင် ဇာတိ, ဇရာ, မရဏ အပေါ်ဖြစ်ရ မယ်. . . (မှန်ပါ့)။

## နှလုံးသွင်းမှန်အောင်တရားနာကြစို့

ကဲ. . . နိဿတ္တနိဇ္ဇီဝကို ခင်ဗျားတို့ နှလုံးသွင်းမှန်အောင် တရားနာကြစို့၊ သမ္မာဒိဋ္ဌိမဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်

ဘုရား) သမ္မာဒိဋ္ဌိဖြစ်လို့ရှိရင် နိဗ္ဗာန်မရောက်ပေဘူးလား. . . (ရောက်ပါတယ်) ရှင်းပလား. . . (ရှင်းပါပြီဘုရား) ဒါဖြင့် အကြောင်းအကျိုးကော ဒကာ ဒကာမတွေ သေသေချာချာ ဆက်မိပလား. . . (ဆက်မိပါပြီ) ပေါ်ကြပလား. . . (ပေါ်ပါပြီ ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီအရေးဟာဖြင့် ဦးခင်မောင်သာမည အရေးလို့အောက်မေ့မနေနဲ့. . . (မှန်ပါ့) အထူး အရေးကြီးတယ် ဆိုတာ သေချာပြီနော်. . . (သေချာပါပြီ ဘုရား)။

ကိုင်း. . . ဒကာ ဒကာမတို့ ကျုပ်တို့ဘာဖြစ်ဖို့ အရေးကြီး တယ်ဆိုတာဖြင့် နိဗ္ဗာန်သွားတဲ့မြေပုံမှာ အစတွေ့ဖို့ရာ နိဿတ္တ နိဇ္ဇီဝရှာရမယ်. . (မှန်ပါ့ဘုရား)။

## သုညတဖြစ်အောင်ရှာရမယ်

ဘာရှာရမယ်. . . (နိဿတ္တနိဇ္ဇီဝရှာရပါ့မယ်) ကဲ. . . ဒီထက် အထူးထူးပြောကြပါစို့ ဆိုလို့ရှိရင် သုညတဖြစ်အောင် ရှာ. . . (မှန်ပါ့) သုညတဆိုတာငါ ငါ့ဥစ္စာမဟုတ် သိအောင်ရှာ ရတော့မယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ) နိဿတ္တနိဇ္ဇီဝဖြစ်အောင်ရှာရမယ် သုညတဖြစ်အောင် ရှာရမယ် . . . (မှန်ပါ့ဘုရား)။

ဩော်. . . ဒီဥစ္စာကို ရှာရမယ်ဆိုတာ မရှိတာကို ရှာရမှာလားဆိုတော့ မှားနေတာပြင်ပေးရုံပါပဲ. . . (မှန်ပါ) မှားနေတာပြင်ပေးရုံပါပဲ ဒကာ ဒကာမတို့ အစွဲနာနေတာ ဖြုတ်ပေးဖို့ပါပဲ. . . (မှန်ပါဘုရား)။

ဘယ်လိုပါလိမ့်. . . (အစွဲနာနေတာပြင်ပေးဖို့ပါပဲ) အစွဲနာတာလည်း နာလိုက်တဲ့ဖြစ်ခြင်း၊ သတ္တဝါအစမှာ မတွေ့အောင်ဘဲနာရတယ်. . . (မှန်ပါ) အဲဒီအစွဲ စွဲခဲ့တာဘယ်တော့မှလည်း မပြုတ်ဖူးဘူး၊ မဖြေဘူး. . . (မှန်ပါ) အစွဲဘယ်လောက်နာနေတယ်ဆိုတာ ပြောစရာရှိသေးရဲ့လား . . . (မရှိပါဘုရား) အခုအချိန်မှစပြီး ရှာကြရတာပဲ. . . (မှန်ပါဘုရား)။

ဘယ်လိုဆိုကြပါ့မလဲ. . . (အခုအချိန်မှစပြီး ရှာကြရပါတယ်) စရှာရတယ်ဆိုရင် ရှာရရုံနဲ့မပြီး နောက်ပွားများပြီးတော့ ဖြုတ်ရလိမ့်မယ်. . . (မှန်ပါ) သဘောကျပလား. . . (ကျပါပြီဘုရား)။

## ကြားရရုံနဲ့မပြီးဘူး

ကြားရရုံနဲ့ပြီးပါ့မလား. . . (မပြီးပါဘုရား) ခင်ဗျားတို့က ဘယ်သူဟာ ဘယ်တရားကိုနာကြားရတဲ့အတွက် နိဗ္ဗာန်ဝင်သွားတယ်၊ အပွားတော့ထည့်မစဉ်းစားဘူး . . . (မှန်ပါ) ဦးခင်မောင်မှလိုဘူးလား. . . (လိုပါတယ်) ကြားရရုံနဲ့ ခင်ဗျား

တို့ကလည်း အခုကြားနေရတော့ တည်ပါတော့လား ဆိုတော့ ဘယ်ကလာ တည်နိုင်မှာတုံး. . . (မှန်ပါ့) အဲဒီတော့ အကြားနဲ့ မပြီးဘူး အပွားနဲ့ပြီးမယ်. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

## အပွားနဲ့မှပြီးမယ်

အကြားနဲ့. . . (မပြီးနိုင်သေးပါဘုရား) အပွားနဲ့ပြီးမှ (ပြီးပါ့မယ်) အဲ. . . မဂ္ဂသစ္စာဘာဝေတဗ္ဗကိစ္စနဲ့ 'နိဿတ္တနိဇ္ဇီဝ' ပေါ်မှာ ဦးဘတင် ပွားယူရမယ်. . (မှန်ပါ့) မပွားရင် တော်ပါ့ မလား. . . (မတော်ပါဘုရား)။

တဏှာဆိုတာသည် ဒကာ ဒကာမတို့ သူလည်းဘဝများ စွာက သုံးလာခဲ့တဲ့တရားဆိုတော့၊ သူကလည်း နည်းနည်းနော နော သတ္တိရှိတဲ့ တရားမဟုတ်ဘူး. . . (မှန်ပါ့) သူကလည်း အာသေဝနသတ္တိတွေအင်မတန် ထုံလာခဲ့တာဆိုတာလွဲပါ့မလား . . . (မလွဲပါဘုရား) ဒီတော့မှ မင်ကလည်း 'ဘာဝေတဗ္ဗကိစ္စနဲ့' သူ့အပေါ်ပြန်တုံ့မှ ပြတ်တော့မပေါ့ဗျ. . . (မှန်ပါ့) နို့မဟုတ်ရင် ဒီအတိုင်းနဲ့တော့. . . (မပြတ်ပါဘူး) ဆုတောင်းရုံတောင်းနေလို့ တော့ ဘယ်ဖြစ်မလဲ. . (မှန်ပါ့) 'နိဿတ္တနိဇ္ဇီဝ' မတွေ့တဲ့ ပုဂ္ဂိုလ်ဟာ ဦးခင်မောင်ဆုတောင်းနေရုံနဲ့တော့ သွားပြီ. . . (မှန်ပါ့ဘုရား)။

## ဆုတောင်းနေရုံနဲ့မရောက်ဘူး

'နိဿတ္တနိဇ္ဇီဝ' တွေ့အောင်မရှာ၊ အလုပ်မလုပ်ဘဲနဲ့ ဆုတောင်းနေရုံနဲ့ ရောက်ပါလိမ့်မယ်လို့များ အောက်မေ့မနေနဲ့၊ 'နိဿတ္တနိဇ္ဇီဝ' မတွေ့ရင် နိဗ္ဗာန်မြေပုံအစတောင်မှ မတွေ့သေးဘူး. . . (မှန်ပ့ါ) သဘောကျပလား. . . (ကျပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ 'နိဿတ္တနိဇ္ဇီဝ ဖြစ်အောင်လုပ်ကြပါစို့ဆိုတော့ ဒကာ ဒကာမတွေ ခင်ရာမင်ရာကို၊ ခင်ရာမင်ရာဆိုတဲ့ဥစ္စာ ခင်ဗျားတို့ဟာ ခင်ဗျားတို့ ကြံဖန်ပြီးသကာလ ခင်ရာမင်ရာဖြစ်တာ. . . (မှန်ပ့ါ)အဲဒီတော့ ပင်ကိုသဘောကို ဘုန်းကြီးပေါ်အောင်ပြောရလိမ့်မယ်. . . (မှန်ပ့ါ) ပင်ကိုသဘောက ဘာတုံးတဲ့. . . ဆိုတော့ ခန္ဓာငါးပါး . . . (မှန်ပ့ါ) ပင်ကိုသဘောကတော့ ခန္ဓာငါးပါးပဲ . . . (မှန်ပ့ါဘုရား)။

ခန္ဓာသည်ကားလို့ဆိုရင် ဒကာ ဒကာမတို့ 'ဇာတိဇရာမရဏာတို့၏' စားဖတ်ဝါးဖတ်ဖြစ်တာကို ခန္ဓာခေါ်တယ်. . . (မှန်ပ့ါ) သဘောကျပလား. . . (ကျပါပြီဘုရား)။

## ရုပ်နာမ်ကိုချုးလိုက်ရင် အနိစ္စတရား

ခန္ဓာငါးပါးကိုစုလိုက်မယ်ဆိုရင်လည်း ရုပ်နာမ်ဖြစ်သွားမှာပဲ၊ ရုပ်နာမ်ကို တစ်ခါချုးလိုက်မယ်ဆိုတော့ အနိစ္စ

တရားတွေသာဖြစ်တယ်. . . (မှန်ပါ့) ဒိပြင်ဘာများရှိသေး သတုံး. . . (ဘာမှမရှိပါဘုရား) ဒိထက်အကျဉ်းချုံးလို့ရှိရင် လည်း အားလုံးပေါင်းလိုက် ဒုက္ခသစ္စာတစ်ခုတည်းပဲ . . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဒိထက်ချုံးလိုက်ရင်ဒုက္ခသစ္စာ

ကောင်းပြီ ဒါဖြင့် ဒုက္ခာသစ္စာ တစ်ခုတည်းဖြစ်အောင် လုပ်လိုက်ဆိုတော့ 'နိဿတ္တနိဇ္ဇီဝ' ဖြစ် မဖြစ်. . . (ဖြစ်ပါတယ် ဘုရား) ဪ. . . ဒါဖြင့် ဖြစ်တာလည်း ဒုက္ခ၊ ပျက်တာလည်း ဒုက္ခပဲဆိုတော့ 'နိဿတ္တနိဇ္ဇီဝ' မဖြစ်သေးဘူးလား. . (ဖြစ်ပါ တယ်) သတ္တဝါမဟုတ်လို့ ပုဂ္ဂိုလ်မဟုတ်လို့လည်း ပျက်တယ် . . . (မှန်ပါ့) ပုဂ္ဂိုလ်သတ္တဝါမှ ဆိတ်သုဉ်းတဲ့သဘောကို မမြင် ဘူးလား . . . (မြင်ပါတယ်ဘုရား)။

အဲဒီလို ဒကာ ဒကာမတွေက 'နိဿတ္တနိဇ္ဇီဝ' ဖြစ်အောင် ဒီကနေပြီးသကာလ မဂ္ဂင်ငါးပါးနဲ့ ရှုကြ စမ်းပါလို့ ဆိုတာ သတိပေးလိုက်ပါတယ်. . . (မှန်ပါ့ဘုရား)။

## ခန္ဓာကို မဂ္ဂင်ငါးပါးနဲ့ရှုပါ

ဘာနဲ့ရှုရမလဲ. . . (မဂ္ဂင်ငါးပါးနဲ့ရှုရပါ့မယ်) မဂ္ဂင် ငါးပါးနဲ့ ရှုရမယ်ခန္ဓာငါးပါးကို . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ငါးပါး၊ ငါးပါးချင်းဆိုရင်ဖြင့် ခက်ရချေရဲ့များ ထင်နေလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ခန္ဓာငါးပါးထဲက တစ်ပါး တင်ရှု၊ တစ်ပါးရှုရင် အကုန်ပါတယ်ဆိုတာကော သေချာ ပလား. . . (သေချာပါတယ်) သဘောကျပလား. . . (ကျပါပြီ ဘုရား)။

## တစ်ပါးပါးကို ရှုပါ

တစ်ပါးတင်ရှုပါဆိုတာ ဦးခင်မောင် စိတ်ကြိုက်တဲ့ ပုဂ္ဂိုလ်က စိတ်ကိုရှု၊ ဝေဒနာကြိုက်တဲ့ပုဂ္ဂိုလ်က ဝေဒနာရှု၊ ဓမ္မကြိုက်တဲ့ ပုဂ္ဂိုလ်က. . . (ဓမ္မကိုရှုပါဘုရား) ကာယကြိုက်တဲ့ ပုဂ္ဂိုလ်ကလည်း (ကာယရှု) ရှုလိုက်လို့ရှိရင် အကုန်သဟဇာတ ဖြစ်ပြီး သကာလ တစ်ခုရှုလိုက်ရင် အကုန်ရောပြီးပါတာပဲ . . . (မှန်ပါ့) သဘောကျ ပလား. . . (ကျပါပြီဘုရား)။

အိမ်မီးလောင်ပါတယ်ဆိုတာ အချင်ကလေးများ ကျန်ရစ် သေးသလား၊ အမိုးကလေးများ ကျန်ရစ်သေးသလား မေးမနေနဲ့ ဒကာ ဒကာမတို့ အိမ်မီးလောင်ပါတယ်ဆိုတာ အကုန်လောင်တာ. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ) ဒီမှာလည်း ဝေဒနာ တစ်ခုပျက်တယ်ဆိုရင် ကျန်တဲ့လေးပါး ပါပျက်တယ်. . . (မှန်ပါ့)၊ သညာတစ်ခု ပျက်တယ်ဆိုရင် (ကျန်လေးပါးအကုန်ပျက်ပါ တယ်ဘုရား)။

စာဆိုကတော့ ဒကာ ဒကာမတို့ ဉာဏ်နဲ့ကြည့်ဖို့ မလွယ်လှဘူး၊ ရုပ်ကအပျက်နှေးတယ်၊ နာမ်ကအပျက်မြန်တယ် ဆိုတာတွေ ဘုရားဉာဏ်တော်နဲ့ ချိန်ဆက်တိုင်းထွာ ထားတာတွေ . . . (မှန်ပါ့) ဒါတွေထိအောင် ဒကာ ဒကာမတွေ မြင်ဖို့ မလွယ်ဘူး. . . (မှန်ပါ့) ဒကာ ဒကာမတို့ကတော့ 'ရှင်သာရိပုတ္တရာ' ဟောထားသလို ကျူစည်းပမာလို သိကြရင် ကိစ္စပြီးပါတယ်၊ ကျူစည်းနှစ်ခုမှီပြီးထောင်၊ တစ်ခုကိုဆွဲလိုက်ရင် ကျန်တဲ့ တစ်ခုလဲပြိုတာပါပဲ. . . (မှန်ပါ့ဘုရား)။

## နာမ်ရုပ်ကြောင့်လည်းဝိညာဏ်ဖြစ်တယ်

ဒီမှာလည်း ဒကာ ဒကာမတို့ 'ဝိညာဏပစ္စယာနာမရူပံ' နာမရူပပစ္စယာ ဝိညာဏံလို့ ပြန်လှည့်တယ်. . . (မှန်ပါ့) ဒါဖြင့် ဝိညာဏ်ကြောင့်လည်း နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့်လည်း . . . (ဝိညာဏ်ဖြစ်ပါတယ်) ဝိညာဏ်ဖြစ်တယ်လို့ ဟောတော့ 'ရှင်ကောဋ္ဌိက'က ဒီဥစ္စာ ထူးထူးဆန်းဆန်းကြားရပါတယ်လို့ လျှောက်တယ်. . . (မှန်ပါ့) စိတ်ကြောင့်လည်း စေတသိက်နဲ့ ရုပ်ဖြစ်တယ်၊ စေတသိက်နဲ့ ရုပ်ကြောင့်လည်း စိတ်ဖြစ်၊ ဒီလို မဟောဘူးလား. . . (ဟောပါတယ်ဘုရား)။

ဒီတော့ 'ရှင်သာရိပုတ္တရာက' ငါ့ရှင် ဟုတ်ပါတယ်၊ ဝိပဿနာရှုတဲ့နေရာမှာ တစ်ခုလဲရင် အကုန်လဲတာပဲ၊ စိတ်ပြိုရင်

စေတသိက်တွေ ရုပ်တွေပါ ပြိုတာပဲ၊ ရုပ်ပြိုရင်လည်း ထို့အတူ စိတ်နဲ့စေတသိက်တွေ ပြိုတာပါပဲ. . . (မှန်ပါ့ဘုရား)။

ဥပမာ ဝါးလုံးနှစ်ခုကို တစ်ခုချင်းတော့ပြီး ထောင်ထားပါက ဒကာ ဒကာမတို့ထောင်ထားပြီး ထားပေ့ဗျာ . . . (မှန်ပါ့) တစ်ခုကိုသာဆွဲကြည့်စမ်းပါဦး၊ ဦးခင်မောင်. . . (လဲပါတယ်ဘုရား) ကျန်တစ်ခုလည်း လဲရမှာပဲ၊ ဘာဖြစ်လို့ လည်း နဂိုရ်က နှစ်ခုမှီနေကြတာကိုးဗျ. . . (မှန်ပါ့ဘုရား)။

## ရုပ်နဲ့နာမ်ဟာအချင်းချင်းကျေးဇူးပြုနေတယ်

ဒီမှာ ရုပ်နဲ့နာမ်ဟာ အချင်းချင်းကျေးဇူးပြုမှီနေကြ တော့ ဝေဒနာရှုလိုက်ရင် ကျန်တဲ့လေးပါးလည်း ပျက်တာပါပဲ၊ ကျန်တဲ့ လေးပါးရှုလိုက်ရင်လည်း . . . (ဝေဒနာပျက်ပါတယ်) အဲဒီတော့ တစ်ခုရှုလိုက်ရင် မပြီးဘူးလား. . . (ပြီးပါတယ်ဘုရား)။

အဲဒီလိုဟောထားတာကလည်း 'ဝိညာဏပစ္စယာ နာမရူပံ' 'နာမရူပ ပစ္စယာဝိညာဏံ'လို့ 'နိဒါနဝဂ္ဂသံယုတ်' ပါဠိတော်မှာ နဋကလာပိသုတ်ဆိုပြီး သေသေချာချာ ဟောထားပါတယ်. . . (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် တစ်ခုပျက်ရင် ဘယ်လိုနေကြမယ် . . . (အကုန်ပျက်ပါတယ်) ဒါဖြင့် တစ်ခုတည်းကို ထင်မြင်အောင်

ဉာဏ်စူးဝင် အောင်ဖိပြီးရှုပေါ့ဗျ. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

## ဖြစ်ပျက်ချည်းမြင်အောင်ရှု

ဘယ်လိုရှုကြမယ် . . . (တစ်ခုကိုဖိပြီး ရှုရပါ့မယ်) အဲ. . . ရုပ် ရှုချင်လည်းရှု၊ ရုပ်မှီနေတဲ့နာမ်ဟာ အကုန်လဲမှာ ပဲ. . . (မှန်ပါ့) နာမ်ရှုချင်လည်းရှု၊ နာမ်နဲ့ရုပ်နဲ့ သဟဇာ တဖြစ်နေတော့ တစ်ခုလဲရင်. . . (အကုန်လဲမှာပါဘုရား) အဲဒါ ကြောင့် ဒကာ ဒကာမတွေ ဝေဒနာနုပဿနာကြိုက်တဲ့ ပုဂ္ဂိုလ် ဝေဒနာသုံးပါး လှည့်ရှု၊ စိတ်ကြိုက်တဲ့ပုဂ္ဂိုလ်က 'စိတ္တာနုပဿနာ' ဘယ်စိတ်ပေါ်နေပေါ်နေရှု. . . (မှန်ပါ့) ဖြစ်ပျက်ချည့်မြင်အောင် ရှုပါ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဘယ်စိတ်ပေါ်ပေါ် ဖြစ်ပျက်တာ ဒုက္ခသစ္စာပဲ၊ ရှုတာက. . . (မဂ္ဂသစ္စာပါဘုရား)။

## ရှုတာကမဂ္ဂသစ္စာ

ဖြစ်ပျက်ဟူသ၍က (ဒုက္ခသစ္စာပါ) ရှုတာဟူသ၍က . . . (မဂ္ဂသစ္စာပါ) အဲဒီတော့ဖြစ်တာဟူသ၍ဟာ ဒကာ ဒကာမတို့ သေမလို့ဖြစ်တာ ဖြစ်သောကြောင့် ဒုက္ခပဲ၊ ပျက်တာ လည်း သေပွဲဝင်သွားလို့ ပျက်တဲ့ဒုက္ခပဲ. . . (မှန်ပါ့ ဘုရား)။

ဒါဖြင့် ဘာပေါ်ပေါ် စိတ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ ပေါ်ချင်တာပေါ် ဖြစ်ဒုက္ခ ပျက်ဒုက္ခနှလုံးသွင်းရမယ်. . (မှန်ပါ့) ဝေဒနာရှိတဲ့ ပုဂ္ဂိုလ်ကလည်း. . . (ဖြစ်ပျက်ဒုက္ခနှလုံးသွင်း ရပါ့မယ်) ပေါ်ချင်တဲ့ ဝေဒနာပေါ် ဝေဒနာ မင်းဟာ မင်းပေါ် ချင်တဲ့ ဝေဒနာပေါ် ငါမြင်တာကတော့ ဖြစ်တာနဲ့ ပျက်တာပဲ ဖြစ်တယ်၊ တနည်း ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခပဲရှိပါ . . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဒီမြေပုံသာအပျောက်မခံနဲ့၊ နိဗ္ဗာန်ရောက်တယ်

ဒါဖြင့် ဖြစ်ဒုက္ခ ပျက်ဒုက္ခက ဒုက္ခသစ္စာ၊ ရှိတဲ့ဉာဏ်က . . . (မဂ္ဂသစ္စာ) မဂ္ဂသစ္စာဆိုတော့ ဟိုက 'နိသတ္တနိဇ္ဇီဝ' ဖြစ်သွားတော့ ဒီဖက်တဏှာက နေနိုင်သေးရဲ့လား. . . (မနေနိုင်ပါဘုရား) တဏှာကမလာဘဲနဲ့ ခန္ဓာက . . . (မလာပါဘုရား) ခန္ဓာမှ မလာဘဲနဲ့ အို, နာ, သေကော. . . (မလာပါဘုရား) အဲဒါ 'နိသတ္တနိဇ္ဇီဝ' မြေပုံသာ အပျောက်မခံနဲ့၊ နိဗ္ဗာန်ရောက်တယ် . . . (မှန်ပါ့ဘုရား)။

ကဲ. . . ယနေ့ဒီတွင်တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု. . . ။